


# မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅)

## အချက်အလက်အစီရင်ခံစာ

## ကျေးရှူးတင်လွှာ

**အလှူရှင်မိတ်ဖက်များ -**
ဤစစ်တမ်းအား ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ဩစတြေးလျနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံအစိုးရများ၏ ကူညီပံ့ပိုးမှုများကြောင့် ဖြစ်ပါသည်။

**မသက်ဆိုင်ကြောင်းရှင်းလင်းချက် -**
ဤစာအုပ်တွင် ဖော်ပြပါရှိသော အမြင်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့၏ အမြင်များကို ကိုယ်စားမပြုပါ။

**ဆက်သွယ်ရန် -**

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ် (၃၂)
နေပြည်တော်
မြန်မာ

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
အမှတ် (၆)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်
ရန်ကုန်
မြန်မာ

မူပိုင်ခွင့် - © UNDP နှင့် CSO ၂၀၁၆
မူပိုင်ခွင့်အားလုံးကို လက်ဝယ်ထိန်းသိမ်းထားရှိပါသည်။
မြန်မာနိုင်ငံတွင် ပုံနှိပ်သည်။

မျက်နှာဖုံးဓာတ်ပုံ - စတီဖင်အောင်း (flickr/SteFou!)

Australian Aid

DANIDA

MINISTRY FOR FOREIGN AFFAIRS OF FINLAND

ITALIAN AGENCY FOR DEVELOPMENT COOPERATION

SWEDEN

UKaid

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့

UNDP

# မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅)
# အချက်အလက်အစီရင်ခံစာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

# ဗဟိုစာရင်းအင်းအဖွဲ့၏အမှာစာ



လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် သတင်းအချက်အလက်များအတွက် ကောင်းမွန်သောစာရင်းအချက်အလက်များနှင့် စာရင်းအင်းများ ပံ့ပိုးရန်မှာမရှိမဖြစ် အရေးပါလှပါသည်။ ယုံကြည်စိတ်ချရ၍ တိကျမှန်ကန်သော စာရင်းအချက်အလက်များသည်သာလျှင် ပို၍ ကောင်းမွန်သည့် မူဝါဒများ၊ လက်တွေ့ကျသည့် စီမံကိန်းများ၊ ထိရောက်အကျိုးရှိသည့် သယံဇာတခွဲဝေမှုများ ဖြစ်ပေါ်စေခြင်းနှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများ ဆောင်ရွက်ခြင်းမှတစ်ဆင့် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် ချမှတ်ထားသည့် လုပ်ငန်းရပ်များအား အောင်မြင်စေမည်ဖြစ်ပါသည်။

ထို့ကြောင့် စာရင်းအင်းများဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အဓိကဦးစားပေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတကာစံချိန်၊ စံနှုန်းများနှင့်အညီ အရည်အသွေးပြည့်ဝပြီး ယုံကြည်အားထားနိုင်သော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ရန်နှင့် ခိုင်မာ၍ပေါင်းစပ်ညှိနှိုင်းမှုရှိသည့် စာရင်းအင်းစနစ်တစ်ခု တည်ထောင်ရန်ဟူသော မျှော်မှန်းချက်ဖြင့် အမျိုးသားစာရင်းအင်းစနစ်အား ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားထုတ်ကြိုးပမ်းမှုများ ပြုလုပ်လျက်ရှိပါသည်။

အမျိုးသားစာရင်းအင်းစနစ် ကောင်းမွန်ပြည့်စုံစွာ လည်ပတ်ဆောင်ရွက်နိုင်ရန် အဓိကအရေးကြီးသည့်အချက်မှာ ခိုင်မာအားကောင်းသော စစ်တမ်းလုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ စစ်တမ်းများသည် နိုင်ငံတစ်ဝှမ်းလုံးရှိပြည်သူများ၏ ရင်တွင်းခံစားချက်များ၊ အခြေအနေမှန်များကို ကြားသိနိုင်သည့်အရေးကြီးသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ယခုအခါ အမျိုးသားစာရင်းအင်းစနစ် တိုးတက်စေရေးအတွက် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲအကောင်အထည် ဖော်လျက်ရှိပြီး ၎င်းမဟာဗျူဟာသည် စာရင်းအင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် စာရင်းအင်းလုပ်ငန်းစဉ်များ တိုးတက်စေရေး အလေးပေးထားသည့် ဘက်စုံစီမံကိန်းလမ်းညွှန်လည်းဖြစ်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းသည် ဗဟိုစာရင်းအင်းအဖွဲ့မှ ကောက်ယူလျက်ရှိသော စစ်တမ်းများအနက် အဓိကစစ်တမ်းတစ်ခုဖြစ်ပါသည်။ ထိုစစ်တမ်းသည် တစ်နိုင်ငံလုံးကိုလွှမ်းခြုံကောက်ယူနိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းမှုဆိုင်ရာစာရင်းအင်းသတင်းအချက်အလက်များဖြင့် အစိုးရနှင့်အစိုးရမဟုတ်သောပါဝင်ပတ်သက်သူများ (Stakeholders)အတွက် သုတေသနလုပ်ငန်းများနှင့် လက်တွေ့ကျသည့် အဆုံးအဖြတ်များ ချမှတ်နိုင်ရန် ပံ့ပိုးနိုင်မည်ဖြစ်ပါသည်။

ဤစစ်တမ်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ တရားဝင်စီးပွားရေး စာရင်းအင်းများ (Official Economic Statistics) ကို အဓိကအစိတ်အပိုင်းတစ်ခုအနေဖြင့် အထောက်အပံ့ပြုနိုင်ပါသည်။

ယနေ့မြန်မာနိုင်ငံ၏ စီးပွားရေးစာရင်းအရ ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုမှာဂျီဒီပီ၏ ၉၀% ခန့်ရှိပါသည်။ သို့ရာတွင် အိမ်ထောင်စုများ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများမှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စာရင်းအင်းအချက်အလက် ရရှိမှုအားနည်းနေပါသေးသည်။ ထို့ကြောင့် မှန်ကန်တိကျသည့် ပုဂ္ဂလိကစာရင်းအင်း အချက်အလက်များ ကောက်ယူရန်အတွက် စာရင်းအင်းဥပဒေအသစ် ပြဋ္ဌာန်းရန် အရေးကြီးသကဲ့သို့ ၎င်းစာရင်း အချက်အလက်များအား လုံခြုံစိတ်ချရမှုရှိစေရေးအတွက်လည်း မရှိမဖြစ်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ စာရင်းအင်းများသည် အစဉ်အလာအားဖြင့် နည်းပါးခဲ့ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသည့်အချက်အလက်များအနည်းငယ်မျှသာရှိခဲ့ပါသည်။ ဤအစီရင်ခံစာမှရရှိသော စာရင်းအင်းအချက်အလက်များနှင့် တွေ့ရှိချက်များသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ခိုင်မာအားကောင်းစေရန်အတွက် မူဝါဒများ ချမှတ်ရာတွင် ကောင်းစွာအထောက်အကူပြုနိုင်ပြီး စီးပွားရေးတိုးတက်မှုကိုလည်း အထောက်အပံ့ပြုနိုင်စေမည်ဖြစ်ပါသည်။

ထို့အပြင် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) သည် (၂) နှစ်လျှင် တစ်ကြိမ်ပုံမှန် ကောက်ယူရန် ရည်ရွယ်ထားသည့် စီးပွားရေးလုပ်ငန်း စစ်တမ်းများအနက် ပထမဆုံးအကြိမ် ကောက်ယူသော စစ်တမ်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် စစ်တမ်းလုပ်ငန်း ပြီးမြောက်အောင် နည်းပညာအကူအညီ ထောက်ပံ့ပေးသည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် စစ်တမ်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှ ရရှိသောအချက်အလက်များနှင့် တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားအသုံးပြုပြီး မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ဒေါက်တာဝါဝါမောင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ အမှာစာ



မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သမိုင်းဝင်မည့်အချိန်တစ်ချိန်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုများ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အလားအလာနှင့် အခွင့်အလမ်း များစွာလည်း တည်ရှိနေပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို အဓိက တွန်းအားပေးသည့် အင်အားစုများထဲတွင် တစ်ခုအပါအဝင် ဖြစ်လာ မည်ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာပန်းတိုင်သစ်များအဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) ဟုရှိရာ စီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို အလေးထားထည့်သွင်းထားပြီး ပန်းတိုင် (၁၇) ခုအနက် (၄) ခုသည် စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေပါသည်။ ၎င်းတို့မှာ ပန်းတိုင် (၈) ဖြစ်သည့် သင့်တင့်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး၊ ပန်းတိုင် (၉) အဖြစ် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်း တည်ထောင်ရေးနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရေး၊ ပန်းတိုင်(၁၂) ဖြစ်သည့် စဉ်ဆက်မပြတ် စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများ ဖြစ်ပေါ်စေရေးနှင့် ပန်းတိုင် (၁၇) ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေး တို့ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုပန်းတိုင်များအနက် အထူးသဖြင့် ပန်းတိုင် (၁၇) သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် အဓိကမိတ်ဖက်များအဖြစ် အသိအမှတ်ပြုထားပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများတွေ့ဆုံစဉ် “ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ဆန်းသစ်တီထွင်မှုများသည် ကုန်ထုတ်စွမ်းအားများအပါအဝင် အားလုံးအကျိုးဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင် ဖန်တီးမှုများအတွက် အဓိကကျသော အင်အားစုများဖြစ်ကြောင်း”ဆွေးနွေးပြောကြားခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)သည် ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) အား ကောက်ယူ

နိုင်ရန်ကူညီပံ့ပိုးခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ယခုစစ်တမ်းသည် ကိန်းဂဏန်း အချက်အလက်ပေါင်းများစွာကို ရရှိစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက မြန်မာ့စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုသိရှိနားလည်စေရန် ကူညီပေးနိုင်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅)သည် နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍအတွင်း ရင်ဆိုင်နေရသည့် ကန့်သတ်ချက်များနှင့် အခက်အခဲများကို အသေးစိတ် သိရှိနားလည်စေရန် ကူညီပေးပါသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ (၂၉) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးမူဝါဒသစ်အား အကောင်အထည်ဖော်ရန် ကြိုးပမ်းနေသော မူဝါဒ ချမှတ်သူများနှင့် အစိုးရအရာရှိကြီးများအတွက် ယခုစစ်တမ်းတွေ့ရှိချက်များသည် အရေးပါသော အထောက်အကူ တစ်ခုဖြစ်ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ကို အားပေးမြှင့်တင်ရေးသည် အဓိကကျသော အစိုးရမူဝါဒတစ်ရပ်ဖြစ်ပြီး အလုပ်အကိုင်များ ဖန်တီးပေးရေးပန်းတိုင်နှင့် နီးကပ်စွာချိတ်ဆက်နေသောကြောင့် စစ်တမ်းတွေ့ရှိချက်များသည် မြန်မာနိုင်ငံတွင် SMEs ကဏ္ဍ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့်မူဝါဒများ ရေးဆွဲ ချမှတ်ရာတွင် များစွာအထောက်အကူဖြစ်စေပါမည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နှစ်ပေါင်းများစွာ ပံ့ပိုးကူညီပေးလျက် ရှိပါသည်။ လေ့လာတွေ့ရှိလာသော ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ကျေနပ်အားရမှုရှိပြီး အမျိုးသားစာရင်းအင်းစနစ် ပြုပြင်ပြောင်း လဲမှုများနှင့် တိုးတက်မှုများကို မဟာဗျူဟာကျကျ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ မူဝါဒချမှတ်သူများသည် စီမံကိန်းများ၊ မူဝါဒများနှင့် အစီအစဉ်များ ရေးဆွဲရာတွင် စာရင်းအင်း များကို ပိုမိုအသုံးပြုလာကြပါသည်။ ထို့ကြောင့်အခြေအနေမှန်များကို ဖော်ပြနိုင်သည့် အသေးစိတ် ကိန်းဂဏန်း အချက်အလက်သစ်များကိုရရှိစေသည့် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) ကိုဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ ပိုမိုတိုးတက်ကောင်းမွန် စေရေးအတွက် အချိန်ကောင်းဖြစ်ကာ စာရင်းအင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်အသုံး ပြုသွားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။



မစ္စတာပီတာဘတ်ချလာ

ဌာနေညွှန်ကြားရေးမှူး

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

# မာတိကာ


ပုံများစာရင်း

ဇယားများစာရင်း

အတိုကောက်စကားလုံးများစာရင်း

၁။ နိဒါန်း ........................................ ၁

၁-၁။ နောက်ခံအကြောင်းအရာနှင့်ရည်ရွယ်ချက် ........................................ ၁

၁-၂။ အသုံးပြုသောနည်းစနစ်များနှင့်လွှမ်းခြုံနိုင်မှု ........................................ ၂

၁-၃။ အစီရင်ခံစာ၏ဖွဲ့စည်းတည်ဆောက်ပုံ ........................................ ၄

၂။ မြန်မာစီးပွားရေးလုပ်ငန်းများ၏ထူးခြားသောလက္ခဏာများ ........................................ ၆

၃။ အလုပ်သမားများ ........................................ ၁၅

၄။ ဝင်ငွေများ၊ အသုံးစရိတ်များ၊ ကုန်လက်ကျန်များနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ တန်ဖိုး ........................................ ၂၀

၅။ ပေါင်းစု စီးပွားရေးညွှန်ကိန်းများ ........................................ ၂၇

၆။ စစ်တမ်းတွေ့ရှိချက်များ အနှစ်ချုပ် ........................................ ၃၃

နောက်ဆက်တွဲ (က) - အချက်အလက်ဇယားများ ........................................ ၃၆

နောက်ဆက်တွဲ (ခ) - စစ်တမ်းတွင် အသုံးပြုသော နည်းစနစ်များ ........................................ ၉၁

နောက်ဆက်တွဲ (ဂ) - စစ်တမ်းမေးခွန်းလွှာ ........................................ ၁၀၅

# ပုံများစာရင်း


ပုံ ၁ - ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ (%)....................၇

ပုံ ၂ - တိုင်းဒေသကြီး/ပြည်နယ်များ၏ ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများပျံ့နှံ့တည်ရှိပုံ (အရေအတွက်)............၁၀

ပုံ ၃ - အလုပ်သမားအရေအတွက်နှင့် ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ .................. ၁၁

ပုံ ၄ - ၂၀၁၅ ခုနှစ်၊ စီးပွားရေးကဏ္ဍအလိုက်နှင့် အလုပ်သမားဦးရေအလိုက် ပါဝင်မှု (%)....................၁၂

ပုံ ၅ - စီးပွားရေးကဏ္ဍအလိုက်နှင့် စီးပွားရေးလုပ်ငန်းများ၏ သက်တမ်းအလိုက် ပျံ့နှံ့ တည်ရှိနေပုံ (%)..................၁၃

ပုံ ၆ - စီးပွားရေးကဏ္ဍနှင့် မှတ်ပုံတင်အမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်မှု (%) ..................၁၄

ပုံ ၇ - စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်သော ပစ္စည်းအမျိုးမျိုး (%) ....................၁၅

ပုံ ၈ - ကန်ထရိုက်စာချုပ် အမျိုးအစားအလိုက်နှင့် ကဏ္ဍအလိုက် အလုပ်သမားတစ်ဦးစီ၏ နှစ်စဉ်ပျမ်းမျှ အလုပ်ချိန် နာရီများ ....................၁၆

ပုံ ၉ - ကန်ထရိုက်စာချုပ် အမျိုးအစားနှင့် ကဏ္ဍအလိုက် ဖော်ပြထားသော ဝန်ထမ်းများ၏ တစ်နာရီ ပျမ်းမျှ ဝင်ငွေ/ ခံစားခွင့်များ(ကျပ်)....................၁၈

ပုံ ၁၀ - အချိန်ပြည့်ဝန်ထမ်းတစ်ဦး၏ နာရီအလိုက်ရရှိသော ပျမ်းမျှဝင်ငွေ အများဆုံးရရှိသည့် ကဏ္ဍခွဲ ၄ ခုနှင့် အနည်းဆုံးရရှိသော ကဏ္ဍခွဲ ၄ ခု အား ကဏ္ဍခွဲများအလိုက် ဖော်ပြထားပုံ.................... ၂၀

ပုံ ၁၁ - ၂၀၁၅ ခုနှစ် မြန်မာစီးပွားရေးလုပ်ငန်းများ၏ တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးများအား စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပုံ(ကျပ်သန်းပေါင်း)....................၂၁

ပုံ ၁၂ - ကဏ္ဍအလိုက် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးအများဆုံးရရှိသောကဏ္ဍခွဲ ၃ ခုနှင့် အနည်းဆုံးရရှိသော ကဏ္ဍခွဲ ၃ ခု (ကျပ်သန်းပေါင်း)....................၂၃

ပုံ ၁၃ - အသုံးစရိတ်အမျိုးအစားနှင့် စီးပွားရေးကဏ္ဍအလိုက် အသုံးစရိတ်များ(%) ....................၂၅

ပုံ ၁၄ - စီးပွားရေးကဏ္ဍအလိုက် ပြည်တွင်းထုတ်ကုန်/ပြည်ပတင်သွင်းကုန်များ ဝယ်ယူမှု (%) ....................၂၆

ပုံ ၁၅ - ပစ္စည်းအမျိုးအစားနှင့် စီးပွားရေးကဏ္ဍအလိုက် ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုး(ကျပ်သန်းပေါင်း)....................၂၇

ပုံ ၁၆ - စီးပွားရေးကဏ္ဍအလိုက် စုစုပေါင်းထပ်ဆင့်တိုးတန်ဖိုး (ဘယ်) နှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ (ညာ)(%) ၂၉

ပုံ ၁၇ - စီးပွားရေးကဏ္ဍများအလိုက် ဝင်ငွေပေါ်ရှိ ထပ်ဆင့်တိုးတန်ဖိုး၊ လုပ်ငန်းတစ်ခုချင်းစီအတွက် ထပ်ဆင့်တိုး တန်ဖိုး၊ ထပ်ဆင့်တိုးတန်ဖိုးနှင့် ဝန်ထမ်းစရိတ်အချိုး၊ လုပ်သားတစ်ဦးချင်းစီ၏ ထပ်ဆင့်တိုးတန်ဖိုးများ (ရာခိုင်နှုန်း သို့မဟုတ် ကျပ်သန်းပေါင်း) .................... ၃၀

ပုံ ၁၈ - အခြားအာရှနိုင်ငံများရှိ လုပ်သားများ၏ ကုန်ထုတ်စွမ်းအားများ (လုပ်သားတစ်ဦးချင်း၏ထပ်ဆင့်တိုးတန်ဖိုး) (အမေရိကန်ဒေါ်လာ)....................၃၂

ပုံ ၁၉ - စီးပွားရေးကဏ္ဍအလိုက် ထွက်ကုန်တန်ဖိုး(ကျပ်သန်းပေါင်း)....................၃၃

# ဇယားများစာရင်း


ဇယား ၁ - စီးပွားရေးကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ (%) ....................................................၃၆

ဇယား ၂ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် နယ်မြေဒေသများတွင် ပျံ့နှံ့တည်ရှိနေပုံ (%)....................................................................................................................................၃၈

ဇယား ၃ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ တည်နေရာအလိုက် ပျံ့နှံ့ တည်ရှိပုံ (%) .................................................................................................................၄၁

ဇယား ၄ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် ပိုင်ဆိုင်မှုအမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိပုံ (%) ...............................................................................................၄၃

ဇယား ၅ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် လုပ်ငန်းအမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများ၏ ပျံ့နှံ့တည်ရှိပုံ (%).........................................................................................................၄၆

ဇယား ၆ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်ထားမှုအခြေအနေ (%) ....................................................................................................................................................၄၈

ဇယား ၇ - စီးပွားရေးလုပ်ငန်းများ၏အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် စီးပွားရေးလုပ်ဆောင်ချက်အရေအတွက်အလိုက် စီးပွားရေးလုပ်ငန်းများ၏ ပျံ့နှံ့တည်ရှိပုံ (%).......................................................................၅၀

ဇယား ၈ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်မှုများနှင့်သက်တမ်း (စတင်တည်ထောင်စဉ်မှ ယခုအချိန်အထိ နှစ်ကာလ) အလိုက် ပျံ့နှံ့တည်ရှိပုံ (%).........................................................................၅၂

ဇယား ၉ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် အရွယ်အစားအလိုက် ပျံ့နှံ့တည်ရှိပုံ (%) ....................................................................................................................................................၅၄

ဇယား ၁၀ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် ရည်ညွှန်းနှစ်အတွင်း စုစုပေါင်းဝင်ငွေ/ လည်ပတ်ငွေအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိပုံ (%) .....................................................၅၆

ဇယား ၁၁ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများမှ ပိုင်ဆိုင်သော ပစ္စည်းအမျိုးအစားများ (%)...............................................................................................................................................၅၉

ဇယား ၁၂- လုပ်သားအမျိုးအစားနှင့် စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်အလိုက် ရည်ညွှန်းနှစ်အတွင်း စုစုပေါင်းလုပ်သားအရေအတွက်၊ လုပ်သားတစ်ဦး နှစ်စဉ်အလုပ်လုပ်ရသည့် နာရီပေါင်းနှင့် တစ်နာရီအတွက် ခံစားခွင့် ပျမ်းမျှလုပ်ခလစာ.....................................................................................................၆၁

ဇယား ၁၃ - အဓိကစီးပွားရေး လုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေ / လည်ပတ်ငွေ စုစုပေါင်းတန်ဖိုး (ကျပ်သန်းပေါင်း) ..........................................................................................................၆၅

ဇယား ၁၄ - အဓိကစီးပွားရေး လုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ စုစုပေါင်း ကုန်ကျစရိတ် (ကျပ်သန်းပေါင်း) ........................................................................................................................၆၈

ဇယား ၁၅ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်အလိုက် ကုန်ထုတ်လုပ်ရန် အသုံးပြုသော ရင်းမြစ် (ပြည်တွင်း/ပြည်ပမှ တင်သွင်း) အလိုက်ကုန်ပစ္စည်းများအတွက် စုစုပေါင်းအသုံးစရိတ်များ (%)၇၀

ဇယား ၁၆ - ရည်ညွှန်းနှစ်အတွင်း အဓိကစီးပွားရေးလုပ်ဆောင်ချက်အလိုက် စီးပွားရေးလုပ်ငန်းများ၏ ကုန်လက်ကျန်များနှင့် ထိုပစ္စည်းများစာရင်းပြောင်းလဲမှု (စာရင်းဖွင့်လက်ကျန်နှင့်စာရင်းပိတ်လက်ကျန်အကြားကွာခြားမှု) စုစုပေါင်းတန်ဖိုး (ကျပ်သန်းပေါင်း) ....................................................................................၇၂

ဇယား ၁၇ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်ပစ္စည်း စုစုပေါင်းတန်ဖိုး (၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့၏ နောက်ဆုံးလက်ကျန်စာရင်း - ကျပ်သန်းပေါင်း)..........................၇၅

ဇယား ၁၈ - ရည်ညွှန်းနှစ်အတွင်း အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုပစ္စည်းများပြောင်းလဲမှု (ရရှိသည့်ပိုင်ဆိုင်မှုထဲမှ ထုခွဲရောင်းချမှုများကို နုတ်ခြင်း – ကျပ်သန်းပေါင်း).....၇၇

ဇယား ၁၉ -အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက်စီးပွားရေးလုပ်ငန်းများမှခန့်အပ်ထားသော လုပ်သားတစ်ဦးကျ ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုး (၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့၏ နောက်ဆုံးလက်ကျန်စာရင်း - ကျပ်သန်းပေါင်း)............................................................................................................. ၈၀

ဇယား ၂၀ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ ထပ်ဆင့်တိုးတန်ဖိုး(အလယ်ကိန်းနှင့်စုစုပေါင်းတန်ဖိုး - ကျပ်သန်းပေါင်း)...............................................................................၈၂

ဇယား ၂၁ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ (Gross Operating Surplus) (အလယ်ကိန်းနှင့် စုစုပေါင်းတန်ဖိုး - ကျပ်သန်းပေါင်း).........................၈၄

ဇယား ၂၂ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများမှ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအား (ကျပ်သန်းပေါင်း) ...................................................................................................၈၆

ဇယား ၂၃ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန် (Manufacturing Output) (အလယ်ကိန်းနှင့်စုစုပေါင်းတန်ဖိုး - ကျပ်သန်းပေါင်း)......................................................၈၈

ဇယား ၂၄ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ တစ်ဆင့်ပြန်လည်ရောင်းချသော ကုန်ပစ္စည်းများမှ ရရှိသည့်ဝင်ငွေနှင့် ကုန်ကျစရိတ် ခြားနားချက် (Gross Margin on Goods for Resale) (အလယ်ကိန်းနှင့်စုစုပေါင်းတန်ဖိုးကျပ်သန်းပေါင်း)..................................................................... ၉၀

# အတိုကောက်စကားလုံးများစာရင်း

| | |
|---|---|
| MOPF | Ministry of Planning and Finance<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| CSO | Central Statistical Organization<br>ဗဟိုစာရင်းအင်းအဖွဲ့ |
| DICA | Directorate of Investment and Company Administration<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| DoL | Department of Labour<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| GAD | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ISIC | International Standard Industrial Classification<br>အပြည်ပြည်ဆိုင်ရာစံပြုသင်္ကေတများ |
| ISTAT | Italian National Institute of Statistics<br>အီတလီအမျိုးသားစာရင်းအင်းအဖွဲ့ |
| MBS | Myanmar Business Survey<br>မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း |
| MSIC | Myanmar Standard Industrial Classification<br>မြန်မာစံပြုသင်္ကေတများ |
| OECD | Organisation for Economic Co-operation and Development<br>စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ |
| PD | Planning Department<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| SNA | System of National Accounts<br>အမျိုးသားစာရင်းစနစ် |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry<br>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် |
| UNDP | United Nations Development Programme<br>ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNESCAP | United Nations Economic and Social Commission for Asia and the Pacific<br>အာရှနှင့်ပစိဖိတ်ဒေသ ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကော်မရှင် |
| WB | World Bank<br>ကမ္ဘာ့ဘဏ် |

## ၁။ နိဒါန်း

### ၁-၁။ နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် မကြာသေးမီက စတင်ခဲ့သည့် တံခါးဖွင့်ဝါဒနှင့်အတူ လက်ရှိဖြစ်ပေါ်နေသော အကူးအပြောင်းကာလအတွင်းတွင် နိုင်ငံတကာ၏ အာရုံစိုက်မှုများစွာကို ရရှိခဲ့ပြီး စီးပွားရေးလုပ်ငန်းအမျိုးအစားကွဲပြားမှုနှင့် လုပ်သားများ၏ ထုတ်လုပ်နိုင်မှုစွမ်းအား နည်းပါးနေသေးသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများရှိနေသည်ဟု သတ်မှတ်ခြင်းခံရပါသည်။ သို့သော် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အားထားယုံကြည်ရသော ကိန်းဂဏန်းအချက်အလက်များမှာအလွန်နည်းပါးနေသည့်အတွက် ၎င်းတို့၏လက္ခဏာရပ်များကို နားလည်သိရှိရန်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်လုံသော မူဝါဒများကိုရေးဆွဲရန် သို့မဟုတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် လက်ရှိဖြစ်ပေါ်နေသော ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုများနှင့် စပ်လျဉ်း၍ တိကျစွာရှင်းလင်းဖော်ပြနိုင်ရန်အတွက်မှာ အခက်အခဲများ ဖြစ်လာပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) (Myanmar Business Survey 2015 - MBS) ၏ ရည်ရွယ်ချက်မှာ-

- မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍနှင့်သက်ဆိုင်သော စီးပွားရေးစာရင်းအင်းများကို ပြည့်စုံစွာပံ့ပိုးပေးနိုင်ရန်၊
- အစိုးရ၏ မူဝါဒချမှတ်သူများနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများ အားလုံးကိုသတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့်
- အမျိုးသားစာရင်း တွက်ချက်ရာတွင် အဓိကကျသော အချက်အလက်ရင်းမြစ်တစ်ခု ရရှိစေရန်တို့ ဖြစ်ပါသည်။

ဤစစ်တမ်းသည် နောင်တွင် နှစ်စဉ် သို့မဟုတ် (၂) နှစ်လျှင်တစ်ကြိမ် ပုံမှန်ပြုလုပ်သွားမည့်စစ်တမ်းများအတွက် ပထမဆုံးခြေလှမ်းတစ်ရပ်အဖြစ် မျှော်မှန်းထားပြီး နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်ကိုက်ညီသည့် စီးပွားရေးစာရင်းအင်းများနှင့် ပုံစံတကျဖွဲ့စည်းဆောင်ရွက်သော စီးပွားရေးလုပ်ငန်းစာရင်းအင်းများ (Structural Business Statistics) အတွက် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများဖြစ်ပေါ်စေရန်ရည်ရွယ်၍ ဒီဇိုင်းပုံစံကိုရေးဆွဲထားသောကြောင့် မြန်မာနိုင်ငံ၏ တရားဝင်စီးပွားရေးစာရင်းအင်းများအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်ပါသည်။

အဆိုပါစစ်တမ်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization-CSO) နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန (Planning Department-PD)တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ စစ်တမ်းကောက်ယူစဉ်အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် အီတလီအမျိုးသားစာရင်းအင်းအဖွဲ့ (ISTAT) တို့မှ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် နည်းပညာအကူအညီများပေးခဲ့သည့်အပြင် ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုကို[၁] UNDP မှ ပံ့ပိုးပေးခဲ့ပါသည်။

## ၁-၂။ အသုံးပြုသော နည်းစနစ်များနှင့် လွှမ်းခြုံနိုင်မှု

လွန်ခဲ့သော နှစ်များအတွင်း ကောက်ယူခဲ့ကြသော စီးပွားရေးလုပ်ငန်း စစ်တမ်းများတွင် (Businesses/ Establishments/ Enterprises) ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ နှစ်စဉ်ပူးပေါင်း ကောက်ယူခဲ့သော စက်မှုဇုန်စစ်တမ်းများ[၂] UNDP နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော "One-Pager Business Census"၊ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်ခဲ့သော "Enterprise Survey" နှင့် OECD ၊ UNESCAP ၊ UMFCCI တို့မှ ဆောင်ရွက်သော "Business Survey" တို့ ပါဝင်ပါသည်။

ယခင်ကဆောင်ရွက်ခဲ့သော စစ်တမ်းများအားလုံးအတွက် ကိုယ်စားပြုနိုင်သော နမူနာအုပ်စုကို ရွေးချယ်ရာတွင် အသုံးပြုရမည့် ပြည့်စုံသောစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်စာရင်း (Business Register) မရှိခြင်းကြောင့် ကိုယ်စားပြုနိုင်မှုနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များကို ရင်ဆိုင်ခဲ့ရပါသည်။ အဆိုပါစစ်တမ်းများသည် ပုဂ္ဂလိကကဏ္ဍရှိ ကဏ္ဍအချို့၊ ပထဝီအနေအထားအရ ပိုင်းခြားထားသော နယ်မြေအချို့ကိုသာ လွှမ်းခြုံနိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် စာရင်းအင်းအရ ကိုယ်စားပြုနိုင်သည့် ရလဒ်များကို မရရှိနိုင်သည့် နမူနာအုပ်စု ရွေးချယ်မှု နည်းလမ်းများကို အသုံးပြုခဲ့ရပါသည်။ ထို့ကြောင့် ယခင်က ဆောင်ရွက်ခဲ့သည့် နည်းလမ်းများသည် စီးပွားရေးကဏ္ဍများ အားလုံးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည့်စုံစွာ လွှမ်းခြုံနိုင်မှုမရှိခဲ့ပါ။

---

[၁] ထိုလုပ်ငန်းများကို ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးလုပ်ငန်းစဉ်အစီအစဉ်အောက်မှ ဆောင်ရွက်နိုင်ရန်အတွက် ဖင်လန်၊ ဆွီဒင်နှင့် ယူနိုက်တက်ကင်းဒမ်း အစိုးရများထံမှ ရန်ပုံငွေများ လက်ခံရရှိခဲ့သဖြင့် UNDP မှ ကျေးဇူးတင်ရှိပါသည်။

[၂] စက်မှုဇုန်စစ်တမ်းများကို နှစ်စဉ်ကောက်ယူခဲ့သော်လည်း စက်မှုဇုန်နှင့် စက်မှုဇုန်များ၏ ပြင်ပတွင် တည်ရှိနေသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုပါ ထည့်သွင်းကောက်ယူမှုကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင်တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်စာရင်းမရှိခြင်းသည် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းကောက်ယူရာတွင်လည်း သက်ရောက်မှုရှိခဲ့ပါသည်။ သို့သော် မြန်မာစီးပွားရေးလုပ်ငန်း စစ်တမ်းသည် တစ်ကြိမ်တစ်ခါမျှ အသုံးပြုရခြင်း မရှိသေးသည့် အချက်အလက်ရင်းမြစ်တစ်ခုအား နမူနာစာရင်းစဉ်အဖြစ် အသုံးပြုခြင်းဖြင့် စစ်တမ်း၏လွှမ်းခြုံနိုင်မှုအား ယခင်စစ်တမ်းများထက် များစွာပိုမိုတိုးတက်စေခဲ့ပါသည်။[၄] ဤစစ်တမ်းသည် စီးပွားရေးကဏ္ဍများအားလုံးနီးပါး (စိုက်ပျိုးရေးနှင့် ဘဏ္ဍာရေးမှလွဲ၍[၅])ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ခဲ့ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းသည်တစ်နိုင်ငံလုံးရှိစီးပွားရေးလုပ်ငန်းပေါင်း (၁၅,၀၀၀) နီးပါး ပါဝင်သည့် နမူနာအုပ်စုတစ်ခုကို စစ်တမ်းကောက်ယူခဲ့ရာ ထိုနမူနာအုပ်စုသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများရှိစီးပွားရေးလုပ်ငန်းပေါင်း (၁၂၆,၀၀၀) ကျော်ကို စာရင်းအင်းပညာအရ ကိုယ်စားပြုနိုင်ပါသည်။

စစ်တမ်းတွင် ပြည်သူပိုင်ကဏ္ဍ သို့မဟုတ် အစိုးရပိုင်လုပ်ငန်းများ ပါဝင်ခြင်းမရှိပါ။ ထိုမျှသာမက နမူနာစာရင်းစဉ်တွင် အခပေးအလုပ်သမား အနည်းဆုံး တစ်ဦးတည်းရှိသည့် အသေးငယ်ဆုံးသော စီးပွားရေးလုပ်ငန်းများ (ကိုယ်တိုင်လုပ်ကိုင်သော လုပ်ငန်းများနှင့် မိသားစုလုပ်ငန်းများ)လည်းမပါဝင်ပါ[၆]။ ထို့အပြင် စစ်တမ်းတွင် ဆက်သွယ်ရေးကဏ္ဍကို ထည့်သွင်းကောက်ယူရန် ကြိုးပမ်းခဲ့သော်လည်း အဓိကလုပ်ငန်းကြီးအချို့မှ တွေ့ဆုံမေးမြန်းခြင်းကို ငြင်းဆိုခဲ့သည့်အတွက် ထိုကဏ္ဍသည်လည်း လေ့လာဆန်းစစ်မှုတွင် မပါဝင်နိုင်ခဲ့ပါ။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း၏ ရည်ညွှန်းအချိန်ကာလမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဖြစ်ပြီး ၂၀၁၄ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။ စစ်တမ်းကောက်ယူမှုနည်းစနစ်များအား ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (ခ) တွင် နည်းပညာ ပိုင်းအရ

---

[၄] ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့နယ်များအားလုံး၌ အနည်းဆုံးအလုပ်သမားတစ်ဦး ငှားရမ်းလုပ်ကိုင်နေသော တရားဝင်နှင့်အလွတ်သဘော စီးပွားရေးလုပ်ငန်းများအားလုံးကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြေပြင်တွင် စာရင်းကောက်ယူခဲ့ရာ ၎င်းအား နမူနာစာရင်းစဉ်အဖြစ် အသုံးပြုခဲ့ပါသည်။ အသေးစိတ်ထပ်မံသိရှိလိုပါက နောက်ဆက်တွဲ (ခ) ကို ကြည့်ပါ။

[၅] နိုင်ငံတကာရှိ စီးပွားရေးလုပ်ငန်းများ စာရင်းကောက်ယူမှုစစ်တမ်းများတွင် ကျင့်သုံးလေ့ရှိသော ကျင့်သုံးမှုတစ်ခုအရ စိုက်ပျိုးရေးနှင့် ဘဏ္ဍာရေးကဏ္ဍများအား စစ်တမ်းတွင် မထည့်သွင်းပဲ တမင်ချန်လှပ်ထားခဲ့ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဏ္ဍများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံသည် အခြားသောစီးပွားရေးကဏ္ဍများနှင့် အခြေခံအားဖြင့် ကွဲပြားသဖြင့် မတူညီသော စစ်တမ်းကောက်ယူမှုနည်းလမ်းများနှင့် အထောက်အကူကိရိယာများကို အသုံးပြုခြင်းဖြင့်သာ အကောင်းဆုံး လေ့လာဆန်းစစ်မှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။

[၆] နမူနာစာရင်းစဉ်ပြုစုခြင်း(Sampling Framework Listing Operation) နှင့် MBS ကြား အချိန်ကွာဟမှုကြောင့် နမူနာအုပ်စုအတွင်းမှစီးပွားရေးလုပ်ငန်းအချို့သည် စစ်တမ်းမကောက်ယူမီအချိန်တွင် အမှန်စင်စစ်အားဖြင့် ကိုယ်တိုင်လုပ်ကိုင်သည့် သို့မဟုတ် မိသားစုလုပ်ကိုင်သည့် လုပ်ငန်းများသာ ဖြစ်ကြပါသည်။ သို့သော် ထိုသို့သောလုပ်ငန်းများမှာ နမူနာအုပ်စု၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပါသည်။

အသေးစိတ် ဖော်ပြထားပါသည်။ စစ်တမ်းမေးခွန်းလွှာကိုမူ နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားပါသည်။

## ၁-၃။ အစီရင်ခံစာ၏ ဖွဲ့စည်းတည်ဆောက်ပုံ

ဤအစီရင်ခံစာတွင် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှ တွက်ချက်ရရှိသောအချက်အလက်ကိန်းဂဏန်းများနှင့် အဓိကအညွှန်းကိန်းများအား တင်ပြထားပါသည်။ ၎င်းအစီရင်ခံစာသည်စာရင်းအင်းဆိုင်ရာ အစီရင်ခံစာသာဖြစ်ပြီး မူဝါဒဆိုင်ရာ အကြံပြုချက်များ သို့မဟုတ် အခြားသောသုံးသပ်ချက်များကို သီးခြားအစီရင်ခံစာပြုစု၍ တင်ပြသွားမည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသကဲ့သို့ ဤစစ်တမ်းသည်ကိန်းဂဏန်းအချက်အလက် အသုံးပြုသူများအတွက် သတင်းအချက်အလက်များပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာစာရင်းအင်းပညာရှင်များနှင့် အမျိုးသားစာရင်းပြုစုသူများအတွက် တိကျသည့် သီးခြားအချက်အလက်များရရှိရေး လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှုနှင့် အခြားတစ်ဘက်တွင် အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူ အမျိုးမျိုး၏ လေ့လာဖတ်ရှုနိုင် စေမှုတို့အကြား ဘက်ညီမျှမှုရှိစေရန် များစွာအားထုတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ ဤအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များကို ဂရပ်ပုံများဖြင့် အများဆုံးအလေးပေးဖော်ပြထားပြီး ပိုမိုအသေးစိတ်သောသတင်းအချက်အလက်များကိုမူ နောက်ဆက်တွဲဇယားများတွင် တွေ့ရှိနိုင်ပါသည်။

လေ့လာဆန်းစစ်ချက် အများစုအား စစ်တမ်းမှ လွှမ်းခြုံဆောင်ရွက်ခဲ့သည့် အဓိကစီးပွားရေးကဏ္ဍကြီးသုံးခုဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍ (သတ္တုတွင်းတူးဖော်ခြင်း၊ ကျောက်တူးခြင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင်)၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပြုလုပ်ခဲ့ပါသည်။ အသေးစိတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်ပါက အသုံးဝင်သောသတင်းအချက်အလက်များကို ရရှိနိုင်မည့်နေရာများ၌ "ကဏ္ဍခွဲများ" ကိုပါ လေ့လာဆန်းစစ် တင်ပြထားပြီး အလားတူအစီရင်ခံစာမျိုးအတွက် နိုင်ငံတကာမှပြုလုပ်ထားသည့် အကြံပြုချက်များကို အခြေခံကာကဏ္ဍခွဲများကို ခွဲခြားသတ်မှတ် လေ့လာခဲ့ခြင်းဖြစ်ပါသည်။[၆]

---

[၆] အချက်အလက် အစီရင်ခံစာများအတွက် အကြံပြုထားသော "A*38" စုပေါင်းစံသတ်မှတ်ချက် ("A*38" Standard Aggregation) ၏ ပြင်ဆင်ဖြည့်စွက်ထားသော မူကွဲတစ်ခုပေါ်တွင် အခြေခံကာ ကဏ္ဍခွဲများကို သတ်မှတ်ထားပါသည်။ ISIC Rev. 4 လက်စွဲ၊ စာမျက်နှာ ၂၇၄-၂၇၆ တွင် ကြည့်ပါ။

အစီရင်ခံစာ အခန်း(၂) တွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ယေဘုယျ လက္ခဏာများကို တင်ပြထားပါသည်။ အခန်း(၃) တွင် အလုပ်သမားများနှင့် သက်ဆိုင်သော စာရင်းအင်း အချက်အလက်များဖြစ်သည့် အလုပ်ချိန်နှင့် လုပ်ခလစာခံစားခွင့်များကို တင်ပြထား ပါသည်။ အခန်း (၄) တွင် စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေ၊ အသုံးစရိတ်၊ ကုန်လက်ကျန်များနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ တန်ဖိုးများဆိုင်ရာ စီးပွားရေးကိန်းဂဏန်း အချက်အလက်များကို တင်ပြ ထားပါသည်။ နောက်ဆုံးအခန်း (၅) တွင် ထပ်ဆင့်တိုးတန်ဖိုး (Value Added)၊ လုပ်ငန်းလည် ပတ်မှုမှပိုလျှံငွေ (Gross Operating Surplus) နှင့်လုပ်သားများ၏ ကုန်ထုတ်စွမ်းအား (Labour Productivity)ကဲ့သို့သော ပေါင်းစုစီးပွားရေးညွှန်ကိန်းများ (Composite Economic Indicators) အကြောင်းကို တင်ပြထားပါသည်။ နောက်ဆက်တွဲ (က) တွင် ကဏ္ဍခွဲအဆင့် အသေးစိတ်ဇယားများပါဝင်ပြီး အဓိကအားဖြင့် အမျိုးသားစာရင်းအင်း ပြုစုသူများနှင့် စီးပွားရေး စာရင်းအင်းပညာရှင်များအတွက် ရည်ရွယ်ပါသည်။[2] နောက်ဆက်တွဲ (ခ) နှင့် (ဂ) တွင် စစ်တမ်း ဒီဇိုင်းပုံစံ/ အသုံးပြုသော နည်းစနစ်များနှင့် စစ်တမ်းမေးခွန်းလွှာတို့ ပါရှိပါသည်။

အစီရင်ခံစာဖတ်ရှုသူများ သတိပြုသင့်သည့်အချက်မှာ အခန်းအမျိုးမျိုးတွင် တင်ပြထား သောစာရင်းအင်းများ၏ သဘောသဘာဝများမှာ များစွာကွဲပြားမှုရှိသည်ဟူသော အချက်ဖြစ်ပါ သည်။ အခန်း (၂) တွင် တင်ပြထားသော စီးပွားရေးလုပ်ငန်းများ၏ ဝိသေသလက္ခဏာများအား စီးပွားရေးလုပ်ငန်းအဆင့်တွင် တွက်ချက်ထားခြင်းဖြစ်ပြီး အခန်း (၃)၊ (၄) နှင့် (၅) တွင် တင်ပြ ထားသော စာရင်းအင်းများမှာမူ စုစည်းထားသည့် တန်ဖိုးများ (Aggregate Values) ပေါ်တွင် အခြေခံထားပါသည်။ တွက်ချက်ပုံ ကွာခြားမှုအား ရှင်းလင်းသွားစေရန်အတွက် ဥပမာအနေဖြင့် အခန်း (၁) တွင် "စီးပွားရေးလုပ်ငန်းများ၏ ၃၃ % သည် ကုန်သွယ်မှုကဏ္ဍတွင် ရှိနေသည်" ဟု ဖော်ပြထားပါသည်။ ထိုစာရင်းတွင် လူ (၃) ဦးဖြင့်သာ လည်ပတ်နေသော လက်လီစီးပွားရေး လုပ်ငန်းငယ်တစ်ခုအား စူပါမားကက်ကြီးတစ်ခုကဲ့သို့ ကုန်သွယ်မှုကဏ္ဍတွင် ထည့်သွင်းတွက်ချက် ထားပါသည်။ သို့သော် အခန်း(၃) တွင် "ကုန်သွယ်မှုကဏ္ဍ၌ ရောင်းဝယ်သော ကုန်ပစ္စည်းများ၏ ၆၇%သည် ပြည်တွင်းထွက်ကုန်များဖြစ်ပြီး ၃၃ %သည် နိုင်ငံခြားမှတင်သွင်းခြင်းဖြစ်သည်"ဟု ဖော်ပြထားပါသည်။ ဤစာရင်းအင်းသည် ကဏ္ဍကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည့်စုစုပေါင်းတန်ဖိုး များပေါ်တွင် အခြေခံထားသည့်အတွက် စူပါမားကက်ကြီးတစ်ခုနှင့် နှိုင်းယှဉ်လျှင်သေးငယ်သော

[2] အချက်အလက် အစီရင်ခံစာများအတွက် အကြံပြုထားသော စုပေါင်းစံသတ်မှတ်ချက် (Standard Aggregation) ဖြင့် အချက်အလက် ကိန်းဂဏန်းများအား တင်ပြထားပါသည်။

လက်လီလုပ်ငန်းငယ်တစ်ခု၏ ရောင်းဝယ်သည့် ကုန်ပစ္စည်းပမာဏ/ တန်ဖိုးမှာလည်းသေးငယ်သွားပါလိမ့်မည်။ ထို့ကြောင့် ပေါင်းစုစီးပွားရေးညွှန်ကိန်းများထဲတွင် လက်လီလုပ်ငန်းငယ်လေးများအား ထည့်သွင်းတွက်ချက်ထားသည့် တန်ဖိုးသည် များစွာလျော့နည်းသွားမည် ဖြစ်ပါသည်။

## ၂။ မြန်မာစီးပွားရေးလုပ်ငန်းများ၏ ထူးခြားသောလက္ခဏာများ

အောက်ဖော်ပြပါ (ပုံ-၁) တွင် စစ်တမ်းမှ လွှမ်းခြုံလေ့လာနိုင်ခဲ့သော စီးပွားရေးကဏ္ဍများ (အထက်တွင် ဖော်ပြထားသကဲ့သို့ စိုက်ပျိုးရေး၊ ဘဏ္ဍာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ၊ နိုင်ငံပိုင်နှင့် မိသားစုလုပ်ငန်းများ မပါဝင်ပါ) ရှိလုပ်ငန်းများ၏ ပျံ့နှံ့တည်ရှိနေပုံကို ပြသထားပါသည်။ စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီး လုပ်ငန်းပေါင်း ၅၁,၀၀၀ ခန့် (၄၀%)၊ တစ်ဆင့်ပြန်လည်ရောင်းချမှု/ ကုန်သွယ်မှုကဏ္ဍတွင် လုပ်ငန်းပေါင်း ၄၁,၀၀၀ ကျော် (၃၃%) နှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းပေါင်း ၃၄,၀၀၀ ကျော် (၂၇%) ဖြင့် အသီးသီးရှိနေပါသည်။

ထိုကဏ္ဍတစ်ခုစီအား ကဏ္ဍခွဲများဖြင့် ထပ်မံလေ့လာရာတွင် (ပုံ-၁ တွင် ပြသထားသည့်အတိုင်း သက်ဆိုင်ရာကဏ္ဍများကို ယှဉ်တွဲကြည့်ရန်) လုပ်ငန်းအမျိုးအစား ကွဲပြားစုံလင်မှု နည်းပါးပြီးကဏ္ဍခွဲအချို့၏ လွှမ်းမိုးမှုမှာ ကြီးမားကြောင်းတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များကိုသာ အမြောက်အမြားထုတ်လုပ်နေကြခြင်း ဖြစ်ပါသည်။ ထိုနည်းတူစွာ ဝန်ဆောင်မှုကဏ္ဍတွင်လည်း ၅၀ % ကျော်သည်စားသောက်ကုန်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ကဏ္ဍတစ်ခုချင်းစီရှိ ကဏ္ဍခွဲများအတွက် အပြည့်အစုံဖော်ပြထားသောစာရင်း အသေးစိတ်ကိုနောက်ဆက်တွဲ (က) ရှိ ဇယား-၁ တွင် ဖော်ပြထားပါသည်။

## ပုံ - ၁ ။ ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ(%)




မှတ်စု - သေးငယ်သော (Pie Charts) ရှိ ရာခိုင်နှုန်းများကို ပေါင်းလျှင် ကြီးမားသော (Pie Chart) ၏ ရာခိုင်နှုန်းကိုရရှိမည် ဖြစ်သည်။

ထို့နောက် (ပုံ-၂) တွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံကို ပြသထားပါသည်။ လုပ်ငန်းအရေအတွက်အများဆုံးသည် ရန်ကုန်တိုင်းဒေသကြီးတွင် တွေ့ရှိရပြီးလုပ်ငန်းအရေအတွက် (၂၃,၀၀၀) ခန့်ဖြင့် (၁၈%)၊ ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပြီး (၁၉,၀၀၀) ခန့် ဖြင့် (၁၅%) ရှိကြောင်း တွေ့ရှိရပါသည်။ သေးငယ်သော ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လုပ်ငန်းအရေအတွက်မှာ (၁,၀၀၀) နှင့် (၂,၀၀၀) ကြားတွင်သာရှိပြီး အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေနှင့်နှိုင်းယှဉ်ကြည့်သောအခါ[၈] စီးပွားရေးလုပ်ငန်းနှင့်လူဦးရေအချိုးမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မြင့်မားကြောင်းတွေ့ရှိရပါသည် (လူဦးရေ ၁,၀၀၀ တွင် စီးပွားရေးလုပ်ငန်း ၃ ခုနှင့် အထက်ရှိပါသည်)။ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်မူထိုအချိုးအစားမှာသေးငယ်ကြောင်းတွေ့ရှိရပါသည်(လူဦးရေ ၁,၀၀၀ တွင် စီးပွားရေးလုပ်ငန်း ၁.၅ ခု အောက်ရှိပါသည်)။ သို့သော် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းတွင် အသုံးပြုခဲ့သော နမူနာစာရင်းစဉ်သည် အလုပ်သမားငှားရမ်းသုံးစွဲခြင်းမရှိသည့် အသေးငယ်ဆုံးသော စီးပွားရေးလုပ်ငန်းများကို ထည့်သွင်းလေ့လာထားခြင်း မရှိသောကြောင့် အထက်ပါတွေ့ရှိချက်များအား အဓိပ္ပါယ်ကောက်ယူရာတွင် သတိကြီးစွာထားသင့်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိန်းဂဏန်း အချက်အလက်များမှ စွန့်ဦးစီးပွားလုပ်ကိုင်မှုအတွက် ကောက်ချက်များကိုတိကျစွာ ဆွဲယူသတ်မှတ်ရန် မသင့်တော်ပါ။

(ပုံ-၂)တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ စီးပွားရေးလုပ်ငန်းကဏ္ဍများ ဖွဲ့စည်းတည်ရှိပုံကို ပြသထားရာ ကွဲပြားမှုများပြားကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ အတန်အသင့် ညီမျှစွာရှိနေကြသော်လည်းမန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်မူ ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ သိသိသာသာ ပိုမိုများပြားသည်ကိုတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် စက်မှုဇုန်များ၌ရှိသော လုပ်ငန်းများ၏အရေအတွက်မှာ ၈,၀၀၀ အောက်သာရှိပြီး စီးပွားရေးလုပ်ငန်းများအားလုံးနီးပါးသည် နိုင်ငံသားများပိုင်ဆိုင်သော လုပ်ငန်းများဖြစ်၍

---

[၈] ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ တိုင်းတာတွေ့ရှိချက်အရ

၉၈ % ရှိပါသည်။ ၉၆ % သည် တစ်ခုတည်းရှိသော စီးပွားရေးလုပ်ငန်းများ (Single-Unit Establishments) ဖြစ်ပြီး စီးပွားရေးလုပ်ဆောင်ချက် တစ်ခုတည်း လုပ်ဆောင်သောလုပ်ငန်းများ (Single Economic Activity) မှာ ၉၇% ရှိသည်ကို တွေ့ရှိရပါသည်။ ဤအညွှန်းကိန်းလေးခုသည်သိသာစွာ ကွဲပြားမှုမရှိသည့်အတွက် အစီရင်ခံစာထဲတွင် ၎င်းတို့နှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိသော်လည်း အချက်အလက်များ ထပ်မံသိရှိလိုပါက နောက်ဆက်တွဲ (က) ရှိ ဇယား (၃)၊ (၄)၊ (၅) နှင့် (၇) တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပုံ -၂။ တိုင်းဒေသကြီး/ပြည်နယ်များ၏ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိပုံ (အရေအတွက်)**




အောက်ဖော်ပြပါ (ပုံ-၃) ရှိ စီးပွားရေးကဏ္ဍသုံးခုတွင် အလုပ်သမားအရေအတွက်[၉] (Size Class) နှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များကို တင်ပြထားပါသည်။ ယေဘုယျအားဖြင့် စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးတွင် အလုပ်သမား (၁၀) ဦး အောက်သာရှိသော အလွန်သေးငယ်သည့် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းငယ်များကိုသာ အများဆုံးတွေ့ရှိရပါသည်။[၁၀] ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများရှိ ထိုကဲ့သို့သေးငယ်သော စီးပွားရေးလုပ်ငန်းများတွင် အလုပ်သမား ၁၀ ဦးအောက်ရှိသော လုပ်ငန်းများသည် ၈၅ % နှင့် ၈၆ % ရှိပြီး အလုပ်သမား ၁၀-၁၉ ဦးရှိသော လုပ်ငန်းများမှာ ၁၀ % နှင့် ၈ %၊ အလုပ်သမား ၂၀-၄၉ ဦးရှိသော လုပ်ငန်းများမှာ ၃ % နှင့် ၄ %၊ အလုပ်သမား ၅၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများမှာ ၂ % အသီးသီးရှိကြပါသည်။ ကုန်သွယ်မှုကဏ္ဍတွင် အလုပ်သမား ၁၀ ဦး အောက်ရှိသော စီးပွားရေးလုပ်ငန်းများသည် ၉၂ % ၊ အလုပ်သမား ၁၀-၁၉ ဦးသည် ၆ %၊ အလုပ်သမား ၂၀-၄၉ ဦးသည်

---

[၉] "အလုပ်သမား" များတွင် အချိန်ပြည့်နှင့် အချိန်ပိုင်းဝန်ထမ်းများ၊ မိသားစုဝင်လုပ်သားများနှင့် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သော လုပ်ငန်းပိုင်ရှင်များ ပါဝင်ပါသည်။

[၁၀] အစီရင်ခံစာတွင် အသုံးပြုထားသော "သေးငယ်သော"၊ "အလယ်အလတ်" နှင့် "ကြီးမားသော" ဟူသည့် အသုံးအနှုန်းများမှာ မိမိနိုင်ငံမှ သို့မဟုတ် နိုင်ငံတကာမှ မည်သည့် တရားဝင်အဓိပ္ပါယ်သတ်မှတ်ချက်ပေါ်တွင်မျှ အခြေခံထားခြင်းမဟုတ်ပါ။

၂ % ရှိပါသည်။ အလုပ်သမား ၅၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများမှာ စီးပွားရေးကဏ္ဍကြီး တစ်ခုလုံး၏ အလွန်သေးငယ်သော အစိတ်အပိုင်း ၁ % အောက်သာရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းကိန်းဂဏန်း အရေအတွက်များဖြင့် ဖော်ပြပါက ထိုသို့သော လုပ်ငန်းကြီးများမှာ ထုတ်လုပ်ရေးကဏ္ဍတွင် ၁,၂၂၇ ခု၊ ဝန်ဆောင်မှုကဏ္ဍတွင် ၆၁၉ ခု နှင့် ကုန်သွယ်မှုကဏ္ဍတွင် ၁၆၅ ခုသာ ရှိပါသည်။

**ပုံ - ၃။ အလုပ်သမားအရေအတွက်နှင့် ကဏ္ဍအလိုက်စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ**




အလုပ်သမားအရေအတွက် (Size Class)နှင့် စီးပွားရေးကဏ္ဍများအား ဆန်းစစ်လေ့လာသောအခါ တူညီသောအချက်ကို တွေ့ရှိရပါသည်။ (ပုံ-၄) တွင်အလုပ်သမားအရေအတွက်အလိုက် ခွဲခြားထားသော လုပ်ငန်းအတန်းအစား တစ်ခုချင်းစီရှိ စီးပွားရေးကဏ္ဍများကို ခွဲခြားပြသထားပါသည်။ အလုပ်သမားအရေအတွက် နည်းပါးသော လုပ်ငန်းအတန်းအစားများတွင် ကဏ္ဍအဆင့် ကွဲပြားမှုလည်း နည်းပါးသည်ကို တွေ့ရှိရပါသည်။ သို့သော် အလုပ်သမားအရေအတွက် များပြားသောလုပ်ငန်းကြီးများဆီသို့ ရွေ့လျားသွားသည်နှင့်အမျှ ကုန်သွယ်မှုကဏ္ဍသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်ကို တွေ့ရှိရပါသည်။ အလုပ်သမားအရေအတွက် ၂၅၀ နှင့် အထက်ရှိသော လုပ်ငန်းအတန်းအစားတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ အများစုဖြစ်သော်လည်း အဆိုပါ

လုပ်ငန်းအရေအတွက်မှာအလွန်နည်းပါးပြီး တစ်နိုင်ငံလုံးတွင် လုပ်ငန်းစုစုပေါင်း ၄၀၀ ပင် မပြည့် သည်ကို တွေ့ရှိရပါသည်။

**ပုံ - ၄။ ၂၀၁၅ ခုနှစ်၊ စီးပွားရေးကဏ္ဍအလိုက်နှင့် အလုပ်သမားဦးရေအလိုက်ပါဝင်မှု (%)**




စီးပွားရေးလုပ်ငန်းများ၏သက်တမ်း (စတင်ထူထောင်သည့် နှစ်မှစ၍ ကြာမြင့်သည့်နှစ် အရေအတွက်)ကို စိစစ်လေ့လာသောအခါ ကဏ္ဍများအကြား ကွဲပြားမှုရှိသည်ကို တွေ့ရှိရပါသည်။ (ပုံ-၅)တွင် သက်တမ်း ၀-၄ နှစ် အတွင်းရှိ လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၀%၊ ကုန်သွယ်မှုကဏ္ဍတွင် ၁၉% နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၂၃% နှင့် သက်တမ်း ၅-၉ နှစ် အတွင်းတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ၁၈%၊ ကုန်သွယ်မှုကဏ္ဍတွင် ၂၁%၊ ဝန်ဆောင်မှုကဏ္ဍတွင် ၂၄% ရှိပြီးသက်တမ်း ၁၀-၁၉ နှစ်အတွင်း လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၃၉%၊ ကုန်သွယ်မှုကဏ္ဍတွင် ၃၄%၊ ဝန်ဆောင်မှုကဏ္ဍတွင် ၃၂% နှင့် သက်တမ်း ၂၀ နှစ်နှင့်အထက်ရှိသော လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၃၂%၊ ကုန်သွယ်မှုကဏ္ဍတွင် ၂၆%၊ ဝန်ဆောင်မှုကဏ္ဍတွင် ၂၁% အသီးသီး ရှိပါသည်။ ၁၀-၁၉ နှစ် သက်တမ်းရှိသောလုပ်ငန်းများသည်ကဏ္ဍကြီးသုံးခုတွင် ရာခိုင်နှုန်းအများဆုံးဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသောစီးပွားရေးအကူးအပြောင်းများနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

**ပုံ-၅။ စီးပွားရေးကဏ္ဍအလိုက်နှင့် စီးပွားရေးလုပ်ငန်းများ၏ သက်တမ်းအလိုက် ပျံ့နှံ့တည်ရှိနေပုံ(%)**




အောက်ဖော်ပြပါ (ပုံ-၆) တွင် စီးပွားရေးလုပ်ငန်းများ၏ အစိုးရအဖွဲ့အစည်းအမျိုးမျိုးတွင် မှတ်ပုံတင်ထားရှိမှုကို ဖော်ပြထားပါသည်။ ယခုအချိန်အထိ မှတ်ပုံတင်မှုအများဆုံးမှာမြို့နယ်စည်ပင်သာယာရေးရုံးများ (သို့မဟုတ်) မြို့တော်စည်ပင်သာယာရေးကော်မတီများဖြစ်ပြီး ၇၁% သည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ၈၆% သည် ကုန်သွယ်မှုလုပ်ငန်းများနှင့် ၈၂% သည်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။ ခြုံငုံသုံးသပ်ရမည်ဆိုပါက စီးပွားရေးလုပ်ငန်းများအားလုံး၏ ၇၉% သည် မြို့နယ်စည်ပင်သာယာရေးရုံးများတွင် မှတ်ပုံတင်ထားခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ (သို့မဟုတ်) ဆက်စပ်အဖွဲ့အစည်းများ (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန - DICA မပါ )တွင် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းများမှာ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၅၅% ဖြင့် များပြားသော်လည်း ကုန်သွယ်မှုကဏ္ဍတွင် ၃၂% နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၃၈% ဖြင့် လွန်စွာနည်းပါးပါသည်။ စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးလုပ်ငန်းများအနက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAD)တို့တွင် မှတ်ပုံတင်ထားသည့်လုပ်ငန်းအရေအတွက် များပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

သီးခြားကဏ္ဍခွဲများကို လေ့လာကြည့်သောအခါ မှတ်ပုံတင်မှုမြင့်မားသော ကဏ္ဍခွဲအချို့ ရှိနေသည်ကို တွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် မှတ်ပုံတင်ထားသော လုပ်ငန်းများဖြစ်သည့် အထည်အလိပ်၊ အဝတ်အထည်နှင့် သားရေထုတ်လုပ်မှုလုပ်ငန်းနှင့် တည်းခိုခန်းလုပ်ငန်းများဖြစ်ပြီး ၁၂% နှင့် ၉% အသီးသီးရှိပါသည်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများတွင်စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်လုပ်မှု၊ စက္ကူနှင့်ပုံနှိပ်ပစ္စည်း ထုတ်လုပ်မှုနှင့် သတ္တုထုတ်လုပ်မှုလုပ်ငန်းများသည် ၆၀-၆၅ % ဖြင့် မှတ်ပုံတင်ထားရှိမှု အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ပုံ - ၆။ စီးပွားရေးကဏ္ဍနှင့် မှတ်ပုံတင်အမျိုးအစားအလိုက် လုပ်ငန်းများ၏ မှတ်ပုံတင်မှု (%)**




အောက်ဖော်ပြပါ (ပုံ-၇)တွင် ကဏ္ဍသုံးခုရှိ စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုများကို ပြသထားပါသည်။ စီးပွားရေးလုပ်ငန်းအများအပြားသည် မြေ၊ အဆောက်အဦ၊ စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ပိုင်ဆိုင်ကြောင်း ဖော်ပြထားပါသည် (ကုန်သွယ်မှုကဏ္ဍမှာမူ ခြွင်းချက်ဖြစ်ပါသည်)။ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ထိုပိုင်ဆိုင်မှုပစ္စည်း သုံးမျိုးစလုံးကို ပိုင်ဆိုင်သည့်ရာခိုင်နှုန်း အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် ဉာဏပစ္စည်း မူပိုင်ခွင့်များ(ဥပမာ-ဆော့ဖ်ဝဲလိုင်စင်၊မူပိုင်ခွင့်မှတ်ပုံတင်များ) ပိုင်ဆိုင်မှုသည် အလွန်နည်းပါး ပါသည်။

မော်တော်ယာဉ်ပိုင်ဆိုင်မှု ရာခိုင်နှုန်းသည် ကဏ္ဍများအားလုံးတွင် မကွဲပြားသော်လည်း ကဏ္ဍခွဲ အဆင့်တွင်မူများစွာကွဲပြားမှုရှိကြောင်းသတိပြုသင့်ပါသည်(ဥပမာ-ဝန်ဆောင်မှုကဏ္ဍရှိ မော်တော် ယာဉ်ပိုင်ဆိုင်မှု အမြင့်ဆုံးရာခိုင်နှုန်းအား သယ်ယူပို့ဆောင်ရေးကဏ္ဍခွဲတွင် တွေ့ရှိရပါသည်)။

**ပုံ - ၇။ စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်သော ပစ္စည်းအမျိုးမျိုး(%)**




## ၃။ အလုပ်သမားများ

| စီးပွားရေးကဏ္ဍ | စုစုပေါင်း စီးပွားရေးလုပ်ငန်း # | စုစုပေါင်း ဝန်ထမ်း # |
|---|---|---|
| ကုန်ထုတ်လုပ်မှု | ၅၁,၁၄၃ | ၆၄၄,၅၀၆ |
| တစ်ဆင့်ရောင်းချ/ကုန်သွယ်မှု | ၄၁,၃၇၀ | ၂၀၄,၄၈၆ |
| ဝန်ဆောင်မှုများ | ၃၄,၄၁၆ | ၂၅၅,၈၅၇ |
| စုစုပေါင်း | ၁၂၆,၉၂၈ | ၁,၁၀၄,၈၄၉ |

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းသည် အချိန်ပြည့်လုပ်သား၊ အချိန်ပိုင်းလုပ်သား၊ မိသားစုဝင်များနှင့် ပိုင်ရှင်ကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်နေသူများ အပါအဝင် ဝန်ထမ်း ၁,၁၀၄,၈၄၉ ဦး လုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းပေါင်း ၁၂၆,၉၂၈ ကို လွှမ်းခြုံလေ့လာခဲ့ပါသည်။ ညာဘက်ရှိဇယားတွင် ဖော်ပြထားသည့်အတိုင်း ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အလုပ်သမားအရေအတွက် အများဆုံး ၆၄၄,၅၀၆ ဦး (၅၈ %) ၊ ကုန်သွယ်မှုကဏ္ဍတွင် ၂၀၄,၄၈၆ ဦး (၁၉%) နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၂၅၅,၈၅၇ ဦး (၂၃ %)တို့ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လုပ်သားအင်အားစစ်တမ်းမှ လုပ်ငန်းခွင်အခြေအနေများနှင့် အလုပ်သမားများ၏ လုပ်ခလစာခံစားခွင့်များသည်အဓိကအချက်အလက်ရင်းမြစ်တစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ သို့ရာတွင် မြန်မာစီးပွားရေး

လုပ်ငန်းစစ်တမ်းတွင်လည်းအလုပ်ချိန်နာရီများနှင့် ဝန်ထမ်းအမျိုးမျိုးရရှိသည့် လစာနှင့်ခံစားခွင့်များအကြောင်းကို စီးပွားရေးလုပ်ငန်းများအား မေးမြန်းခဲ့ပါသည်။ အောက်တွင် ဖော်ပြထားသော (ပုံ-၈) တွင် ပါရှိသည့်အတိုင်း အချိန်ပြည့်နှင့် အချိန်ပိုင်းအလုပ်သမားများ၏ နှစ်စဉ်စုစုပေါင်း အလုပ်ချိန်သည် နာရီပေါင်း ၂,၅၀၀ ခန့်နှင့် ၁,၈၀၀ ဝန်းကျင်ခန့်စီသာဖြစ်သဖြင့် ကွာခြားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ယေဘုယျအားဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပျမ်းမျှအလုပ်ချိန် အနည်းဆုံးဖြစ်ကြောင်းတွေ့ရှိရပြီး မိသားစုဝင်များ ဝင်ရောက်လုပ်ကိုင်သော လုပ်ငန်းများတွင်(ထိုသို့မိသားစုမှ ဝင်ရောက်လုပ်ကိုင်မှုသည် ကုန်သွယ်မှုကဏ္ဍတွင်အများဆုံး[၁၁]) ကုန်ထုတ်လုပ်မှုကဏ္ဍရှိ မိသားစုဝင်လုပ်သားများ၏ အလုပ်ချိန်သည် အခြားကဏ္ဍနှစ်ခုထက် သိသိသာသာနည်းပါးကြောင်း တွေ့ရှိရပါသည်။

**ပုံ-၈။ ကန်ထရိုက်စာချုပ်အမျိုးအစားအလိုက်နှင့် ကဏ္ဍအလိုက် အလုပ်သမားတစ်ဦးစီ၏နှစ်စဉ် ပျမ်းမျှအလုပ်ချိန်နာရီများ**




---

[၁၁] ကုန်သွယ်မှုကဏ္ဍရှိ လုပ်ငန်းများ၏ ၄၅% တွင် မိသားစုဝင်များ ဝင်ရောက်လုပ်ကိုင်နေသည်ဟုဆိုရာ ဝန်ဆောင်မှုကဏ္ဍမှ ၃၈% နှင့် ကုန်ထုတ်လုပ်မှုကဏ္ဍမှ ၃၃% အသီးသီးနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

စစ်တမ်းမှ အလုပ်သမားများအတွက် ပေးချေရသည်များ (လစာ၊ လုပ်ခများ၊ အိမ်ငှားခ ထောက်ပံ့ကြေးများ၊ ခရီးစရိတ်များ၊ ဆုကြေးများနှင့် ငွေသား သို့မဟုတ် အခြားသောပုံစံဖြင့် ပေးသောခံစားခွင့်များ)၊ လူမှုဖူလုံရေးထည့်ဝင်ငွေများ (ဥပမာ-အာမခံနှင့်အခြားသောလူမှုဖူလုံရေး အစီအစဉ်များအတွက် ထည့်ဝင်ကြေးများ)နှင့် ငွေသား(သို့မဟုတ်) ငွေသားမဟုတ်သော အခြား ပုံစံဖြင့် ပေးအပ်မှုများ (ဥပမာ-ပညာရေး၊ ကျန်းမာရေးအတွက် ထောက်ပံ့ပေးမှုများ) အပါအဝင် ဝန်ထမ်းများ၏ ခံစားခွင့်များဆိုင်ရာ အချက်အလက်များကိုလည်း ကောက်ယူစုဆောင်းခဲ့ပါသည်။ ကဏ္ဍသုံးခုရှိ လုပ်သားများ၏ ပျမ်းမျှခံစားခွင့်နှင့် ဝင်ငွေများကို လေ့လာကြည့်ပါက (ပုံ-၉)ရှိ ကုန် ထုတ်လုပ်မှုကဏ္ဍတွင် အမြင့်ဆုံးရရှိကြသည်ကို တွေ့ရှိရပါသည် (အချိန်ပြည့်နှင့် အချိန်ပိုင်းလုပ် သားနှစ်မျိုးလုံးအတွက် တစ်နာရီ ပျမ်းမျှဝင်ငွေမှာ ၅၅၀ ကျပ်ခန့် ဖြစ်ပါသည်)။ ဝန်ဆောင်မှု ကဏ္ဍတွင်လည်း အချိန်ပြည့်နှင့် အချိန်ပိုင်းလုပ်သားများ၏ဝင်ငွေမှာ တစ်နာရီလျှင် ၄၇၀ ကျပ် ခန့်ဖြစ်သဖြင့် ကွာခြားမှုမရှိလှပါ။ သို့သော် ကုန်သွယ်မှုကဏ္ဍတွင် အချိန်ပြည့်အလုပ်သမားများ၏ ဝင်ငွေမှာတစ်နာရီလျှင် ၅၁၀ ကျပ် ဖြစ်ပြီး အချိန်ပိုင်းအလုပ်သမားများ၏ ဝင်ငွေမှာ ၄၂၀ ကျပ်သာ ဖြစ်သဖြင့် အချိန်ပိုင်းအလုပ်သမားများ၏ဝင်ငွေမှာ အချိန်ပြည့်အလုပ်သမားများထက် များစွာ လျော့နည်းကြောင်း တွေ့ရှိရပါသည်။ ကဏ္ဍများအားလုံးတွင် မိသားစုဝင်လုပ်သားများမှ တစ်နာရီ အတွက်ရရှိသည့်ဝင်ငွေမှာ အလွန်နည်းပါး ပါသည်။ ကဏ္ဍသုံးခုစလုံးအတွက် ပျမ်းမျှဝင်ငွေမှာ ၉၀ကျပ်အောက်တွင်သာရှိပါသည်။ မိသားစုဝင်လုပ်သားများ၏ ပျမ်းမျှဝင်ငွေသည် ထိုမျှနည်းပါး ရခြင်းမှာ လုပ်ခလစာ မရသော မိသားစုဝင်လုပ်သားများ အရေအတွက် များပြားသောကြောင့် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လစာခံစားခွင့်ရရှိသော မိသားစုဝင်လုပ်သားများရရှိသည့် လုပ်ခလစာ ပမာဏမှာအလွန်များသော်လည်း မိသားစုဝင်လုပ်သား အားလုံးအတွက် ပျမ်းမျှဝင်ငွေကိုတွက် ချက်လျှင်မူနည်းပါး နေပါသည်။

**ပုံ - ၉။ ကန်ထရိုက်စာချုပ်အမျိုးအစားနှင့် ကဏ္ဍအလိုက် ဖော်ပြထားသော ဝန်ထမ်းများ၏ တစ်နာရီ ပျမ်းမျှဝင်ငွေ၊ ခံစားခွင့်များ (ကျပ်)**




အလုပ်သမားများ၏ လစာခံစားခွင့်များဆိုင်ရာအချက်အလက်များကို ဆက်လက်ဆန်းစစ်လေ့လာသွားရန်လိုအပ်မည်ဖြစ်ပါသည်။ ဤစစ်တမ်းတွင်ကျွမ်းကျင်လုပ်သားနှင့်သာမန်လုပ်သားများကိုခွဲခြားလေ့လာနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့်လုပ်သားအမျိုးအစား ကွဲပြားစုံလင်သော လုပ်သားအင်အားစုများရှိသည့် ကဏ္ဍများအတွက် တင်ပြထားသည့် ယေဘုယျကိန်းဂဏန်းများမှ အကြောင်းအရာများစွာကိုမူ ရှင်းလင်းဖော်ပြပေးနိုင်မည်မဟုတ်ပါ။ သို့သော် ကဏ္ဍခွဲအဆင့်များကို လေ့လာရာတွင်မူစိတ်ဝင်စားစရာအချက်အလက်များစွာတွေ့ရှိခဲ့ရပါသည်။ (ပုံ-၁၀)တွင် ထိပ်ဆုံးရှိ ကဏ္ဍခွဲလေးခုနှင့် အောက်ဆုံးရှိကဏ္ဍခွဲလေးခုမှ အချိန်ပြည့်ဝန်ထမ်းများ၏ နာရီအလိုက်ပျမ်းမျှရရှိငွေများကိုဖော်ပြထားပါသည် (ကဏ္ဍခွဲအားလုံးစာရင်းကို နောက်ဆက်တွဲ (က)တွင် ပြည့်စုံစွာဖော်ပြထားပါသည်)။ စားသောက်ကုန်နှင့် အဖျော်ယမကာဝန်ဆောင်မှုကဏ္ဍတွင် ပျမ်းမျှလစာငွေမှာအနည်းဆုံးဖြစ်ပြီး အလုပ်ချိန်မှာမူ အများဆုံးဖြစ်နေပါသည်။ ထို့အတူ လက်လီကုန်သွယ်မှုကဏ္ဍတွင် အလုပ်ချိန်မှာရှည်ကြာပြီး ပျမ်းမျှဝင်ငွေများမှာ အလွန်နည်းပါးနေပါသည်။ အခြားတစ်ဘက်တွင် ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများတွင်အမြင့်ဆုံးပျမ်းမျှဝင်ငွေ ၈၈၁ ကျပ်ကိုရရှိပါသည်။ ထို့နောက်တွင် သတ္တုတွင်း၊ ကျောက်တူးခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဒုတိယအများဆုံး ရရှိကြောင်းတွေ့ရှိရပါသည်။

ထိုတွေ့ရှိချက်များအတွက် ဖြေရှင်းချက်အချို့ လိုအပ်ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်း စစ်တမ်းသည် စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းတစ်ခုဖြစ်ပါသည်။ နေရာတစ်နေရာတည်းတွင် တည်ရှိသော စီးပွားရေးလုပ်ငန်းများထဲမှ နမူနာအုပ်စုကိုရွေးချယ်ကာ တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရုံးခွဲတစ်ခုထက်မကရှိနေသော လုပ်ငန်းတစ်ခုအား နေရာတစ်ခုစီတွင် သီးသန့်စီ တွေ့ဆုံမေးမြန်းနိုင်ပါသည်။ အထူးသဖြင့် သတ္တုတွင်းတူးခြင်း၊ ကျောက်တူးခြင်းနှင့် ဆောက်လုပ်ရေးကဏ္ဍများကို စစ်တမ်းကောက်ယူရာတွင် ထိုပြဿနာမျိုးကို တွေ့ရနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် သတ္တုတွင်းတူးသည့်နေရာများမှာ များသောအားဖြင့် စီးပွားရေးလုပ်ငန်းပရဝုဏ်တစ်ခုအဖြစ်သတ်မှတ်လေ့မရှိသည့်အတွက် ထိုနေရာများကိုနမူနာစာရင်းစဥ်မှ ဖယ်ထုတ်ခဲ့ပါသည်။ ထို့ကြောင့် ဤစစ်တမ်းသည် များသောအားဖြင့် အဆိုပါကဏ္ဍ နှစ်ခုရှိ လုပ်ငန်းများ၏ ရုံးချုပ်နှင့်စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုဌာနခွဲများကိုသာ စစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။ ထို့အတွက်ကြောင့် အဆိုပါကဏ္ဍများသည် လုပ်သားအင်အားကို အဓိကအသုံးပြု လုပ်ကိုင်ရသောကဏ္ဍများ ဖြစ်နေသော်လည်း လုပ်သားတစ်ဦးချင်းစီ၏ တစ်နာရီအတွက်ရရှိသည့် လစာခံစားခွင့်မြင့်မားနေရခြင်းဖြစ်နိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့်ထိုကဏ္ဍခွဲများအတွက်ရလဒ်များကို သတိကြီးစွာထား၍ အဓိပ္ပါယ်ကောက်ယူသင့်ပါသည်။

**ပုံ - ၁၀။ အချိန်ပြည့်ဝန်ထမ်းတစ်ဦး၏ နာရီအလိုက်ရရှိသော ပျမ်းမျှဝင်ငွေ အများဆုံးရရှိသည့် ကဏ္ဍခွဲ ၄ ခုနှင့် အနည်းဆုံးရရှိသော ကဏ္ဍခွဲ ၄ ခု အား ကဏ္ဍခွဲများအလိုက် ဖော်ပြထားပုံ**




*မှတ်စု - ကုန်ထုတ်လုပ်မှုကဏ္ဍမှ ကဏ္ဍခွဲများ (သတ္တုတွင်းတူးခြင်း၊ကျောက်တူးခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင်) ကို အပြာရောင်၊ ဝန်ဆောင်မှုကဏ္ဍခွဲများအား အစိမ်းရောင်နှင့် ကုန်သွယ်မှုကဏ္ဍခွဲများအား အနီရောင်ဖြင့် ပြသထားပါသည်။*

## ၄။ ဝင်ငွေများ၊ အသုံးစရိတ်များ၊ ကုန်လက်ကျန်များ (Inventories) နှင့် ပိုင်ဆိုင်မှုပစ္စည်းများ (Assets) ၏ တန်ဖိုး

စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေများ၊ အသုံးစရိတ်များ၊ ကုန်လက်ကျန်များနှင့် ပိုင်ဆိုင်မှုပစ္စည်းများအကြောင်းကို စစ်တမ်းတွင်မေးမြန်းခဲ့ပါသည်။ စီးပွားရေးဆိုင်ရာ စာရင်းအင်းများ ရရှိရန်အတွက် ကဏ္ဍအလိုက်(သို့မဟုတ်)ကဏ္ဍခွဲအလိုက် တန်ဖိုးများအားလုံးကို ပေါင်းစည်းပြီး စုစုပေါင်းကို တွက်ချက်နိုင်ကြောင်း ဤအခန်းတွင် တင်ပြထားပါသည်။

လုပ်ငန်းများတွင် စုစုပေါင်းဝင်ငွေ/တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး (Total Income / Turn Over Per Worker) (ဆိုလိုသည်မှာ တစ်ဆင့်ဝယ်ယူရောင်းချသော ကုန်ပစ္စည်းများကို ရောင်းချ

ခြင်း၊ ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများ စသည်မှ ရရှိသော ဝင်ငွေ) ကို လေ့လာသုံးသပ်သောအခါ သတ်မှတ်ထားသော စံပုံစံတစ်ခု ထွက်လာပါသည်။ လုပ်သားတစ်ဦး၏ ထုတ်လုပ်မှုတန်ဖိုး အမြင့်ဆုံးရရှိသောကဏ္ဍမှာကုန်သွယ်မှုကဏ္ဍဖြစ်ပြီးနှစ်စဉ် ကျပ်ငွေ ၂၆ သန်းရှိပါသည်။ ကုန်သွယ်မှုကဏ္ဍသည် ယေဘုယျအားဖြင့် ကုန်ပစ္စည်းများ လျင်မြန်စွာလည်ပတ်မှုရှိသည့်အတွက် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး ပိုမိုမြင့်မားနေခြင်း ဖြစ်ပါသည်။ (ကုန်ကျစရိတ်များကို ထည့်တွက်မည်ဆိုလျှင် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး မြင့်မားသဖြင့် အမြတ်အစွန်းလည်း ပိုမိုမြင့်မားမည်ဟုမဆိုနိုင်ပါ)။ လုပ်သားတစ်ဦး၏ ထုတ်လုပ်မှုတန်ဖိုး ဒုတိယအမြင့်ဆုံး ရရှိသောကဏ္ဍမှာကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီးကျပ်ငွေ ၁၄ သန်းရရှိပါသည်။ ဝန်ဆောင်မှုကဏ္ဍမှာ အနည်းဆုံးကဏ္ဍဖြစ်ပြီး နှစ်အလိုက်တစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်ငွေ ၈ သန်းသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဝန်ဆောင်မှုကဏ္ဍသည် များသောအားဖြင့် သွင်းအားစုများ၊ တစ်ဆင့်ဝယ်ယူရောင်းချသော ကုန်ပစ္စည်းများနှင့်ကုန်ကြမ်းပစ္စည်းများပေါ်တွင် မှီခိုမှုနည်းပါးလေ့ရှိသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးမှာ ပိုမိုနည်းပါးခြင်း ဖြစ်ပါသည် (ထိုတစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုးများသည် ဤကဏ္ဍ၏ အကျိုးအမြတ်များနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိပါ)။

**ပုံ-၁၁။ ၂၀၁၅ ခုနှစ် မြန်မာစီးပွားရေးလုပ်ငန်းများ၏ တစ်ဦးကျထုတ်လုပ်မှု တန်ဖိုးများအား စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပုံ၊ (ကျပ်သန်းပေါင်း)**




ကဏ္ဍခွဲအဆင့်အလိုက်တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးများကို ဖော်ပြထားပါသည်။ တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးအများဆုံးရရှိသောကဏ္ဍခွဲ ၃ ခုနှင့် အနည်းဆုံးရရှိသောကဏ္ဍခွဲ ၃ ခုကို (ပုံ-၁၂)

တွင်ဖော်ပြထားပါသည်။ (ကုန်သွယ်မှုကဏ္ဍတွင် ကဏ္ဍခွဲသုံးခုသာရှိသဖြင့် သုံးခုစလုံးကိုဖော်ပြထားပါသည်)။

လုပ်သားတစ်ဦး၏ ထုတ်လုပ်မှုတန်ဖိုး အနိမ့်ဆုံးရှိသည့်ကဏ္ဍခွဲမှာ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အထည်အလိပ်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပြီး နှစ်အလိုက်တစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုး ကျပ်ငွေ ၆ သန်းသာရှိပါသည်။ အမြင့်ဆုံးတန်ဖိုးရရှိသော ကဏ္ဍခွဲများမှာ သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ ဓာတုပစ္စည်းများထုတ်လုပ်ခြင်းနှင့် စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်လုပ်ခြင်းတို့ဖြစ်ပါသည်။

ယခုအချိန်အထိ ကုန်သွယ်မှုကဏ္ဍတွင် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး အမြင့်မားဆုံး ဖြစ်နေသည်မှာ လက်ကားလုပ်ငန်းများဖြစ်ပြီး ကျပ်ငွေ ၅၁ သန်း ဖြစ်ပါသည်။ လက်လီကုန်သွယ်မှုလုပ်ငန်းများ၏ တစ်ဦးကျထုတ်လုပ်မှု တန်ဖိုးမှာမူ များစွာနည်းပါးပြီး ကျပ်ငွေ ၁၆ သန်းသာရှိပါသည်။

ဝန်ဆောင်မှုကဏ္ဍတွင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းသည် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုးအမြင့်ဆုံးရရှိသောလုပ်ငန်းဖြစ်ပြီး သတင်းအချက်အလက်နှင့်နည်းပညာ (IT) ဝန်ဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှုလုပ်ငန်းများသည် ဒုတိယတစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုးအမြင့်ဆုံးရရှိသော လုပ်ငန်းများဖြစ်ပါသည်။

**ပုံ- ၁၂။ ကဏ္ဍအလိုက် တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး အများဆုံးရရှိသော ကဏ္ဍခွဲ ၃ ခု နှင့် အနည်းဆုံးရရှိသောကဏ္ဍခွဲ ၃ ခု (ကျပ်သန်းပေါင်း)**




ဝင်ငွေမှအသုံးစရိတ်သို့ကူးပြောင်းလေ့လာသည့်အခါ လုပ်သားတစ်ဦးချင်းစီအတွက်အသုံးစရိတ်များသည် အထက်တွင်တွေ့ရှိခဲ့ရသော ပုံစံများအတိုင်း ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါ က နောက်ဆက်တွဲ(က)တွင် ပြည့်စုံစွာဖော်ပြထားပါသည်။ သို့သော်စီးပွားရေးလုပ်ငန်းများ၏ အဓိကကျသောကုန်ကျစရိတ်အချို့ကို ကုန်ကျစရိတ်များဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များမှ သိရှိခဲ့ရပါသည်။

(ပုံ-၁၃)တွင်ဖော်ပြထားသည့်အတိုင်း စီးပွားရေးလုပ်ငန်းများသည် ကုန်ပစ္စည်းများဝယ်ယူမှု (ကုန်ကြမ်းပစ္စည်းများ၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုပေးရန်အတွက်သွင်းအားစုများ)ပေါ်တွင် အများဆုံးသုံးစွဲကြပါသည်။ ဒုတိယအများဆုံးသုံးစွဲသည့် အသုံးစရိတ်မှာ အလုပ်သမားစရိတ်ဖြစ်ပြီး ကဏ္ဍတစ်ခုနှင့်တစ်ခုကြား များစွာကွာခြားမှုရှိပါသည်။ ကုန်သွယ်မှုကဏ္ဍ၏ အသုံးစရိတ်အများစုမှာ ကုန်ပစ္စည်းများအတွက် ၉၃ % နှင့်

လုပ်သားများအတွက် ၄ % မျှသာ ဖြစ်သော်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ပစ္စည်းများ အတွက် ၈၀ % နှင့် လုပ်သားများအတွက် ၁၁ % ဖြစ်ပြီး ဝန်ဆောင်မှု ကဏ္ဍတွင် ကုန်ပစ္စည်းများ အတွက်  ၄၈ % နှင့် လုပ်သားများအတွက် ၂၀ % ရှိရာ ကုန်ပစ္စည်း များအတွက် ပိုမိုသုံးစွဲပြီး အလုပ်သမားများအတွက် သုံးစွဲမှုမှာ နည်းပါးပါသည်။

ထို့အပြင် အသုံးစရိတ်များကို လေ့လာရာတွင် မြန်မာစီးပွားရေးလုပ်ငန်းများသည် အခွန် အတွက် ၁% မှ ၄ % ကြားသာသုံးစွဲကြသဖြင့် အခွန်ပေးဆောင်ရန်အတွက် သုံးစွဲမှု အလွန်နည်း ကြောင်း တွေ့ရှိရပါသည်။ အခြားအသုံးစရိတ်များမှာ လောင်စာနှင့် လျှပ်စစ်မီးအတွက် ဖြစ်ပါ သည်။ထိုအသုံးစရိတ်များသည် ကုန်သွယ်မှုကဏ္ဍတွင်နည်းပါးသော်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍ တွင် ၄ % ဖြင့် အနည်းငယ်မြင့်မားပြီး  ဝန်ဆောင်မှုကဏ္ဍတွင် ၁၁ % ရှိသဖြင့် ပို၍ မြင့်မားပါ သည်။ ထိုအသုံးစရိတ်သုံးစွဲမှုပုံစံများမှာ ကဏ္ဍခွဲတစ်ခုနှင့် တစ်ခုကြားတွင် အလွန်ကွာခြားပါသည်။ ဥပမာ - ဝန်ဆောင်မှုများအတွက် လျှပ်စစ်မီးနှင့်လောင်စာ ကုန်ကျစရိတ်အများစုအဖြစ် သယ်ယူ ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်လောင်စာအတွက်ကုန်ကျစရိတ်များ၊ နေထိုင်တည်းခိုရေး ဝန်ဆောင်မှုနှင့် အိမ်၊ ခြံ၊ မြေ ကဏ္ဍခွဲများတွင် အဆောက်အဦးများ/ ဥပစာများ အတွက် လိုအပ်သောလျှပ်စစ်မီးသုံးစွဲကြခြင်းကြောင့် အသုံးစရိတ်များမြင့်မားခြင်းဖြစ်ပါသည်။ လျှပ်စစ်မီး ထုတ်လုပ်မှုနှင့် ရေဖြန့်ဝေမှုကဏ္ဍခွဲများသည်လည်း ၎င်းအသုံးစရိတ် မြင့်မားကြောင်း တွေ့ရှိရ ပါသည်။

## ပုံ - ၁၃။ အသုံးစရိတ်အမျိုးအစား နှင့် စီးပွားရေးကဏ္ဍအလိုက် အသုံးစရိတ်များ (%)




ကဏ္ဍအသီးသီးရှိ ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပမှတင်သွင်းလာသော ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများအတွက် သုံးစွဲမှုများကို လေ့လာရာတွင် ကဏ္ဍသုံးခုစလုံး၌ ပြည်တွင်းထုတ်ကုန်များကို အဓိကထားသုံးစွဲကြပါသည်။ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုမှုမှာ ကုန်သွယ်မှုကဏ္ဍတွင် ၃၃ % ရှိရာ ဝန်ဆောင်မှုကဏ္ဍတွင် ၁၈ % နှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၂၀ % တို့ ဖြစ်ကြောင်းတွေ့ရှိရသဖြင့် ကုန်သွယ်မှုကဏ္ဍသည် အခြားကဏ္ဍနှစ်ခုနှင့်နှိုင်းယှဉ်လျှင် သုံးစွဲမှုမှာသိသာစွာ ပိုမိုများပြားနေပါသည်။ ပြည်တွင်းကုန်ကြမ်း ပစ္စည်းများကို အသုံးပြုမှုမှာမူ ကုန်သွယ်မှုကဏ္ဍတွင် ၆၇ %၊ ဝန်ဆောင်မှုကဏ္ဍတွင် ၈၂ % နှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၈၀ % ဖြစ်ကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁၄)

ကဏ္ဍခွဲအဆင့်တွင် ပြည်တွင်းထုတ်ကုန်များကို အသုံးပြုသည့် ရာခိုင်နှုန်းမြင့်မားသည့် ကဏ္ဍခွဲများမှာ စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးရွက်ကြီးထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (နှစ်မျိုးစလုံးသည် ၉၃ % ဝန်းကျင်) ဖြစ်ပါသည်။ ပြည်ပမှတင်သွင်းကုန်များကို အသုံးပြုမှုမြင့်မားသည့် ကဏ္ဍခွဲများမှာ ဓာတုပစ္စည်းများထုတ်လုပ်ခြင်း (၉၄%) နှင့် သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းတွင် (၉၆ % ) တို့ဖြစ်ပါသည်။

## ပုံ - ၁၄။ စီးပွားရေးကဏ္ဍအလိုက် ပြည်တွင်းထုတ်ကုန်၊ ပြည်ပတင်သွင်းကုန်များဝယ်ယူမှု (%)




ပိုင်ဆိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုပြဂရပ်တစ်ခုအား အခန်း (၂) တွင် ဖော်ပြခဲ့ပါသည်။ (ပုံ-၁၅) တွင် စီးပွားရေးကဏ္ဍကြီးအတွင်းရှိ ပိုင်ဆိုင်မှုပစ္စည်းများ၏ စုပေါင်းတန်ဖိုး သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းများမှ ပိုင်ဆိုင်သည့်မြေနှင့် အဆောက်အဦတန်ဖိုးသည် ကဏ္ဍများအားလုံးတွင် မြင့်မားပြီး မြေတန်ဖိုးမှာ စုစုပေါင်းကျပ်ငွေ ၇ ဘီလီယံ နှင့်အဆောက်အဦတန်ဖိုးမှာ ကျပ်ငွေ ၃ ဘီလီယံကျော် ရှိပါသည်။ စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ပိုင်ဆိုင်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မြင့်မားပြီး အခြားကဏ္ဍနှစ်ခုတွင် နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မော်တော်ယာဉ်ပိုင်ဆိုင်မှုများအား ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အများဆုံး တွေ့ရှိရပါသည် (ဝန်ဆောင်မှုကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ပါဝင်ပါသည်)။ ဉာဏပစ္စည်းမူပိုင်ခွင့် (ဥပမာ-ဆော့ဖ်ဝဲလိုင်စင်များ၊ မူပိုင်ခွင့်မှတ်ပုံတင်များစသည်)ပိုင်ဆိုင်မှုမှာပမာဏ အနည်းငယ်သာရှိပါသည်။

ပုံ -၁၅။ ပစ္စည်းအမျိုးအစားနှင့်စီးပွားရေးကဏ္ဍအလိုက် ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုး (ကျပ်သန်းပေါင်း)




## ၅။ ပေါင်းစု စီးပွားရေးညွှန်ကိန်းများ (Composite Economic Indicators)

ဤအခန်းတွင် ဝင်ငွေ၊ အသုံးစရိတ်နှင့် ကုန်လက်ကျန်ပစ္စည်းများဆိုင်ရာ အချက်အလက်များမှတွက်ချက်နိုင်သော စီးပွားရေးညွှန်ကိန်းများကို စုစည်းတင်ပြထားပါသည်။ အဓိကကျသည့် စီးပွားရေး ညွှန်ကိန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**၁။ ထပ်ဆင့်တိုးတန်ဖိုး** (Value Added) - ကုန်ထုတ်လုပ်မှု လုပ်ဆောင်ချက်များမှ ဝင်ငွေ၊လည်ပတ်ငွေနှင့်ကုန်လက်ကျန်ပစ္စည်းများတိုးပွားလာမှုကိုစုပေါင်းပြီး (ကြားခံ) ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအတွက် အသုံးစရိတ်များကို နုတ်ခြင်းဖြင့် ထပ်ဆင့်တိုးတန်ဖိုးကို တွက်ချက်နိုင်ပါသည်။[၁၂]အဆိုပါထပ်ဆင့်တိုးတန်ဖိုးသည်စီးပွားရေးလုပ်ငန်းတစ်ခုမှ ၎င်း၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအား မရောင်းချမီ ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ပေးမှုအဖြစ် အကြမ်းဖျင်း ဖော်ပြနိုင်ပါသည်။

---

[၁၂] တွက်ချက်မှုတွင် လျှော့ဒါန်မှုများ မပါဝင်သော်လည်း MBS တွင် တင်ပြထားသော အခွန်များအားလုံး ပါဝင်ပါသည် (ဤကိန်းဂဏန်း အချက်အလက်များအရ ကုန်ထုတ်လုပ်မှုနှင့်စပ်လျဉ်းသော အခွန်များနှင့် အခြားအခွန်များကို ခွဲခြားသိနိုင်ခြင်းမရှိပါ)။

၂။ **လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ** (Gross Operating Surplus) - ထပ်ဆင့်တိုးတန်ဖိုးမှ ဝန်ထမ်းစရိတ်ကို နုတ်ခြင်းဖြင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေကို တွက်ချက်နိုင်ပါသည်။[၁၃] လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေသည် အမြတ်အစွန်းနှင့် တစ်ထပ်တည်း မတူညီသော်လည်း ဆင်တူမှုရှိပြီး စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ကုန်ထုတ်လုပ်မှုမှရရှိသော ဝင်ငွေ/လည်ပတ်ငွေထဲမှ ထုတ်လုပ်ရေးဆိုင်ရာ (ကြားခံ) ကုန်ကျစရိတ်များအားလုံးကို နုတ်ပြီးနောက် ကျန်သော ပမာဏကို ဖော်ပြပါသည်။

၃။ **လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအား** (Labour Productivity) - ထပ်ဆင့်တိုး တန်ဖိုးကို ဝန်ထမ်းစရိတ် သို့မဟုတ် ဝန်ထမ်းအရေအတွက်နှင့် စားခြင်းဖြင့် လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားကို တွက်ချက်နိုင်ပါသည်။[၁၄] လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားသည် ထပ်ဆင့်တိုး တန်ဖိုးအားထည့်သွင်းပြီး နှိုင်းယှဉ်စဉ်းစားထားသော အညွှန်းကိန်းဖြစ်ပါသည်။

၄။ **ထွက်ကုန်** (Manufacturing Output) - ကုန်ထုတ်လုပ်မှု လုပ်ဆောင်ချက်များမှ ရရှိသည့်ဝင်ငွေ/လည်ပတ်ငွေအား လုပ်ငန်းမှထုတ်လုပ်သော ကုန်ပစ္စည်းများ စာရင်းတွင် တိုးတက်လာမှုများ ပေါင်းထည့်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ထွက်ကုန်သည် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်နိုင်စွမ်းကိုသိရှိစေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကလုပ်ဆောင်နေခြင်းမဟုတ်သည့် စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်နိုင်ခြေရှိသော ထွက်ကုန်များကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။

(ပုံ-၁၆) တွင် စစ်တမ်းမှ လွှမ်းခြုံလေ့လာခဲ့သည့် လုပ်ငန်းများအားလုံး၏ စုစုပေါင်း ထပ်ဆင့်တိုးတန်ဖိုး (ဘယ်ဘက်မှပုံ)နှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ (ညာဘက်မှပုံ)ကို ပြသထားရာပုံစံများမှာ အလွန်ဆင်တူပါသည်။ စစ်တမ်းကောက်ယူမှုအရ စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍသည် ထပ်ဆင့်တိုးတန်ဖိုးနှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေမှာ အများဆုံးဖြစ်ပြီး ၅၈ % နှင့် ၅၆ % ရှိပါသည်။ ကုန်သွယ်မှုကဏ္ဍတွင် ထပ်ဆင့်တိုးတန်ဖိုးနှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေမှာ ၂၂ % နှင့် ၂၄ % နှင့် ဝန်ဆောင်မှုကဏ္ဍ၌ ထပ်ဆင့်တိုးတန်ဖိုး

---

[၁၃] ဝန်ထမ်းစရိတ်များထဲတွင် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သော ပိုင်ရှင်များအတွက် ပေးငွေများမပါဝင်ပါ။

[၁၄] လုပ်သားများ၏ ကုန်ထုတ်စွမ်းအား တွက်ချက်မှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနည်းငယ်စီကွဲပြားခြားနားပါသည်။ အချို့က ဝန်ထမ်းအရေအတွက်ဖြင့် စားပြီး အချို့ကမူ ဝန်ထမ်းစရိတ်ဖြင့် စားပါသည်။ လစာမပေးရသော မိသားစုဝင်လုပ်သား များပြားသည့် အခြေအနေမျိုးတွင် ဝန်ထမ်းစရိတ်ဖြင့် စား၍ တွက်ချက်ခြင်းက ပို၍သင့်တော်မည် ဟုထင်ပါသည်။ ထို့ကြောင့်အစီရင်ခံစာတွင် နည်းလမ်းနှစ်မျိုးစလုံးကို တင်ပြထားပါသည်။

နှင့်လုပ်ငန်းလည်ပတ်မှုမှပိုလျှံငွေမှာ ၂၀ % စီရှိပါသည်။ ကဏ္ဍခွဲအဆင့်တွင် စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးရွက်ကြီးထုတ်လုပ်မှုနှင့် အထည်အလိပ်ထုတ်လုပ်မှုများသည် စုစုပေါင်း ထပ်ဆင့်တိုးတန်ဖိုး၏ ၄၀ % နီးပါးရှိပါသည်။ ကျန် ၁၂ % မှာ လက်လီ ကုန်သွယ်မှုများမှ ဖြစ်ပါသည်။

**ပုံ - ၁၆။ စီးပွားရေးကဏ္ဍအလိုက်စုစုပေါင်းထပ်ဆင့်တိုးတန်ဖိုး (ဘယ်) နှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ (ညာ) (%)**




ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ထပ်ဆင့်တိုးတန်ဖိုးသည် အခြားကဏ္ဍနှစ်ခုထက် ပိုမိုများပြားပြီး အလုပ်သမားများ ခန့်အပ်ထားရှိမှုမှာ အခြားကဏ္ဍနှစ်ခုထက် ပိုမိုများပြားပါသည်။ ထို့ကြောင့် ထပ်ဆင့်တိုးတန်ဖိုးကို ထည့်သွင်းပြီး နှိုင်းယှဉ်စဉ်းစားမည်ဆိုလျှင် အသုံးဝင်မည်ဖြစ်ပါသည်။ ဝင်ငွေပေါ်ရှိ ထပ်ဆင့်တိုးတန်ဖိုး (Value Added Over Income)၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီ၏ ထပ်ဆင့်တိုးတန်ဖိုး (Value Added Per Business)၊ ထပ်ဆင့်တိုးတန်ဖိုးနှင့် ဝန်ထမ်းစရိတ်အချိုး (Value Added to Personnel Cost)၊ လုပ်သားတစ်ဦးချင်းစီ၏ ထပ်ဆင့်တိုးတန်ဖိုး (Value Added Per Worker) များအပါအဝင် အညွှန်းကိန်းအမျိုးမျိုးကို တွက်ချက်နိုင်မည်ဖြစ်ပါသည်။ ထိုအချိုးများထဲမှ နောက်ဆုံးနှစ်ခုမှာ အများအားဖြင့် လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားကို ရည်ညွှန်းလေ့ရှိပါသည်။

ပထမဆုံး ညွှန်ကိန်းဖြစ်သည့် ဝင်ငွေပေါ်မှ ထပ်ဆင့်တိုးတန်ဖိုးအတွက် ရရှိသောကိန်းဂဏန်းအချက်အလက်များသည် တွေ့မြင်နေကျပုံစံအတိုင်းဖြစ်ပါသည်။ (ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့) ထပ်ဆင့်တိုးတန်ဖိုးသည် အများအားဖြင့် ထုတ်လုပ်မှုမှ ဖြန့်ချိမှု

အထိလုပ်ငန်းကဏ္ဍများအားလုံးကို ပိုမိုပေါင်းစည်းထိန်းချုပ်လုပ်ကိုင်မှုရှိသော ကုမ္ပဏီများတွင် ဝင်ငွေ/လည်ပတ်ငွေ၏ ပိုမိုမြင့်မားသော အချိုးအစားဖြင့် ပါဝင်နေလေ့ရှိပြီး (ကုန်သွယ်မှုလုပ်ငန်းများကဲ့သို့) ပေါင်းစည်းထိန်းချုပ်မှု ပိုမိုနည်းပါးသော ကုမ္ပဏီများအတွက်မူ ဝင်ငွေ/ လည်ပတ်ငွေတွင် ထပ်ဆင့်တိုးတန်ဖိုးပါဝင်မှု အချိုးအစားမှာ ပို၍ နည်းပါးပါသည်။

ဒုတိယညွှန်ကိန်းဖြစ်သည့် လုပ်ငန်းတစ်ခုချင်းစီ၏ ထပ်ဆင့်တိုးတန်ဖိုးကို အစီရင်ခံစာ၏ ရှေ့ပိုင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ထပ်ဆင့်တိုးတန်ဖိုး အမြင့်မားဆုံးဖြစ်ပါသည်။ ကုမ္ပဏီအရေအတွက်မှာမူ အခြားကဏ္ဍများထက် သိသိသာသာ ပို၍များပြားခြင်းမရှိပါ။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍသည် တန်ဖိုးအမြင့်မားဆုံးဖြစ်နေသည်မှာ သိသာထင်ရှားလှပါသည်။

တတိယနှင့်စတုတ္ထညွှန်ကိန်းများဖြစ်သော လုပ်သားများ၏ကုန်ထုတ်စွမ်းအား (ထပ်ဆင့်တိုးတန်ဖိုးနှင့် ဝန်ထမ်းစရိတ်အချိုးဖြင့်ဖြစ်စေ၊ လုပ်သားတစ်ဦးချင်းစီအတွက် ထပ်ဆင့်တိုးတန်ဖိုးဖြင့်ဖြစ်စေ တွက်ချက်ပါသည်)ကိုကြည့်လျှင် ကဏ္ဍအသီးသီးရှိတန်ဖိုးများသည် တူညီခြင်း မရှိကြဘဲ ကုန်သွယ်မှုကဏ္ဍ၏တန်ဖိုးသည် အမြင့်မားဆုံးဖြစ်ကာ ကုန်ထုတ်လုပ်မှုကဏ္ဍတန်ဖိုးသည် ဝန်ဆောင်မှုကဏ္ဍလောက် မြင့်မားခြင်းမရှိပါ။ (ပုံ - ၁၇ တွင်ကြည့်ပါ)

**ပုံ - ၁၇။ စီးပွားရေးကဏ္ဍများအလိုက် ဝင်ငွေပေါ်ရှိ ထပ်ဆင့်တိုးတန်ဖိုး၊ လုပ်ငန်းတစ်ခုချင်းစီအတွက် ထပ်ဆင့်တိုးတန်ဖိုး၊ ထပ်ဆင့်တိုးတန်ဖိုးနှင့် ဝန်ထမ်းစရိတ်အချိုး၊ လုပ်သားတစ်ဦးချင်းစီ၏ ထပ်ဆင့်တိုးတန်ဖိုးများ (ရာခိုင်နှုန်း သို့မဟုတ် ကျပ်သန်းပေါင်း)**




ကဏ္ဍအလိုက်ကွဲပြားမှုကို အခြားအာရှနိုင်ငံများနှင့် (အိန္ဒိယမှလွဲ၍) နှိုင်းယှဉ်ကြည့်သောအခါကုန်ထုတ်လုပ်မှုကဏ္ဍရှိ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားသည် ဝန်ဆောင်မှုကဏ္ဍနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင်အတန်အသင့် နည်းပါးနေဆဲ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ (ပုံ - ၁၈ တွင်ကြည့်ပါ)

လုပ်သားများ၏ ကုန်ထုတ်စွမ်းအားသည် ကဏ္ဍခွဲအဆင့်၌ (ထပ်ဆင့်တိုးတန်ဖိုးနှင့် ဝန်ထမ်းစရိတ်အချိုးကို အသုံးပြုခြင်းဖြင့်) သတင်းအချက်အလက်နည်းပညာ (IT) နှင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းများသည် အမြင့်မားဆုံးဖြစ်ပြီး လက်လီနှင့်လက်ကားကုန်သွယ်မှုများသည် ဒုတိယအမြင့်မားဆုံး ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးရွက်ကြီးထုတ်လုပ်မှုသည် အခြားကဏ္ဍခွဲများနှင့် နှိုင်းယှဉ်လျှင် လုပ်သားများ၏ ကုန်ထုတ်စွမ်းအားမြင့်မားပြီး (ပိုင်းခြေတွင်ရှိနေသည့် အလုပ်သမားများ၏ လုပ်ခမှာ ထိုကဏ္ဍတွင်နည်းပါးနေမှုကြောင့်လည်း တစ်စိတ်တစ်ဒေသ ဖြစ်နိုင်ပါသည်) သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုသည်လည်း မြင့်မားပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ အခြားတန်ဖိုး

မြင့်မားသော လုပ်ငန်းများမှာ အခြေခံဆေးဝါးပစ္စည်းများထုတ်လုပ်မှု၊ ဓာတုပစ္စည်းများ ထုတ်လုပ်မှု၊ သစ်သားဖြင့်ပြုလုပ်သော ပစ္စည်းများထုတ်လုပ်မှု (ပရိဘောဂပစ္စည်းများမပါ)၊ စက္ကူထုတ်လုပ်မှု နှင့် ပုံနှိပ်လုပ်ငန်းများဖြစ်ပါသည်။ အထည်အလိပ်၊ အဝတ်အထည်၊ သားရေထုတ်လုပ်မှု နှင့် ရာဘာ၊ ပလပ်စတစ်ထုတ်လုပ်မှုများတွင် လုပ်သားများ၏ကုန်ထုတ်စွမ်းအားအလွန်နိမ့်ပါးသည်ကို တွေ့ရှိရပါသည်။

**ပုံ-၁၈။ အခြားအာရှနိုင်ငံများရှိလုပ်သားများ၏ ကုန်ထုတ်စွမ်းအားများ (လုပ်သားတစ်ဦးချင်း၏ ထပ်ဆင့်တိုးတန်ဖိုး) (အမေရိကန်ဒေါ်လာ)**




ရင်းမြစ် - *Klyuev (၂၀၁၅) – Structural Transformation – How Does Thailand Compare?* နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့, စာတမ်း WP/၁၅/၅၁

စုစုပေါင်းထုတ်လုပ်မှုလုပ်ငန်းထွက်ကုန် (Total Manufacturing Output) (ကျပ်သန်းပေါင်းကို (ပုံ-၁၉)တွင် ဖော်ပြထားပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ စီးပွားရေးလုပ်ငန်း အများစုသည် စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးရွက်ကြီးထုတ်လုပ်မှုကဏ္ဍခွဲများ ဖြစ်ပါသည်။ ထို့ကြောင့် ထွက်ကုန်အများစုသည် ထိုကဏ္ဍခွဲမှဖြစ်ပြီး ကျပ် ၅.၅ ထရီလီယံ အထက်တွင်ရှိနေပါသည် (အောက်ဖော်ပြပါပုံတွင် ပထမဆုံးအတန်းအစွန်းတစ်ဘက်အား တိုအောင်ပြုလုပ်ထားခြင်းမှာ စီးပွားရေးကဏ္ဍအလိုက် ထွက်ကုန်တန်ဖိုးများအား ဘားဂရပ်ဖြင့်ဖော်ပြရာတွင် ထိုကဏ္ဍမှထွက်ကုန်တန်ဖိုးသည် ဒုတိယကဏ္ဍခွဲမှထွက်ကုန်တန်ဖိုးထက် လေးဆနီးပါးပိုမိုများပြားနေသည့်အတွက် ဘားတိုင်၏အစွန်းတစ်ဖက်အားတိုအောင် ပြုလုပ်ထားခြင်းဖြစ်ပါသည်)။

## ပုံ - ၁၉။ စီးပွားရေးကဏ္ဍအလိုက် ထွက်ကုန်တန်ဖိုး (ကျပ်သန်းပေါင်း)




## ၆။ စစ်တမ်းတွေ့ရှိချက်များ အနှစ်ချုပ်

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (Myanmar Business Survey - MBS) သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အပြည့်စုံဆုံးကိန်းဂဏန်း အချက်အလက်များကို ပံ့ပိုးပေးနိုင်သည့်အတွက်ကြောင့် စီးပွားရေးလုပ်ငန်းများ၏ ယေဘုယျ လက္ခဏာများကို ဆန်းစစ်လေ့လာခြင်း၊ လုပ်သားများနှင့်သက်ဆိုင်သော စာရင်းအင်းများကို ပြုစုခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတန်ဖိုးများကို တွက်ချက် ခြင်း၊ ထပ်ဆင့်တိုးတန်ဖိုးနှင့်လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားကဲ့သို့သော စီးပွားရေး အညွှန်းကိန်းများကို တွက်ချက်ခြင်းတို့အား လုပ်ဆောင်နိုင်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (Myanmar Business Survey-MBS) ကောက်ယူမှု အရ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍသည် အမျိုးအစားကွဲပြားစုံလင်မှုနည်းပါးပြီး ကဏ္ဍခွဲအချို့၏ လွှမ်းမိုးကြီးစိုးမှုမှာ များပြားပါသည်။ ဥပမာ - ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းအများစုမှာ စားသောက်ကုန်များ၊အဖျော်ယမကာများနှင့် ဆေးရွက်ကြီးထုတ်ကုန်များကိုသာ ထုတ်လုပ်နေကြ

ခြင်း ဖြစ်ပါသည်။ ထို့အတူ ဝန်ဆောင်မှုကဏ္ဍတွင်လည်း ထက်ဝက်ကျော်မှာ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးနေကြခြင်း ဖြစ်ပါသည်။

ကဏ္ဍသုံးခုရှိ အလုပ်သမားအရေအတွက်နှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များကို လေ့လာပါက ယေဘုယျအားဖြင့် အလုပ်သမား ၁၀ ဦးအောက်ရှိသော အလွန်သေးငယ်သည့်စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းငယ်များသာ အများဆုံးပါဝင်ပါသည်။ စီးပွားရေးလုပ်ငန်း သက်တမ်း ၁၀ နှစ် (သို့မဟုတ်) ၁၀ နှစ်အထက်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ၇၁% သည် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ၆၀% သည် ကုန်သွယ်မှုကဏ္ဍဖြစ်၍ ဝန်ဆောင်မှုကဏ္ဍတွင် ၅၃% ဖြစ်ပါသည်။ အလုပ်သမား ၅၀ (သို့မဟုတ်) ၅၀ အထက်ရှိသော စီးပွားရေးလုပ်ငန်းကြီးများသည် စီးပွားရေးကဏ္ဍတစ်ခုလုံးတွင် အသေးငယ်ဆုံး အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ဝန်ဆောင်မှုနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အလုပ်သမား ၁၀ ဦးအောက်ရှိသော စီးပွားရေးလုပ်ငန်းများသည် ၈၅ % နှင့် ၈၆ % ရှိပြီး အလုပ်သမား ၁၀-၁၉ ဦးသည် ၁၀ % နှင့် ၈ %၊ အလုပ်သမား ၂၀-၄၉ ဦးသည် ၃ % နှင့် ၄ %၊ အလုပ်သမား ၅၀ ဦးနှင့်အထက် လုပ်ငန်းများသည် ၂ % အသီးသီးရှိကြပါသည်။ ကုန်သွယ်မှုကဏ္ဍတွင် အလုပ်သမား ၁၀ ဦး အောက်ရှိသော စီးပွားရေးလုပ်ငန်းများသည် ၉၂ %၊ အလုပ်သမား ၁၀-၁၉ ဦးသည် ၆ %၊ အလုပ် သမား၂၀-၄၉ ဦးသည် ၂ % ရှိပါသည်။ ဝန်ထမ်းများနှင့်သက်ဆိုင်သော ကိန်းဂဏန်း အချက်အလက်များကိုလည်းစစ်တမ်းတွင် ကောက်ယူစုဆောင်းခဲ့ပါသည်။ စားသောက်ကုန်နှင့် အဖျော်ယမကာဝန်ဆောင်မှုကဏ္ဍများတွင် ပျမ်းမျှလုပ်ခလစာ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး ထိုကဏ္ဍများရှိ ပျမ်းမျှအလုပ်ချိန်နာရီမှာလည်း အရှည်ကြာဆုံး ဖြစ်ပါသည်။ ထို့အတူ လက်လီကုန်သွယ်မှုကဏ္ဍတွင်လည်း အလုပ်ချိန်မှာရှည်ကြာပြီး ပျမ်းမျှဝင်ငွေမှာ အလွန်နည်းပါးပါသည်။ အခြားတစ်ဖက်တွင်မူ ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျ၊ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများတွင် ပျမ်းမျှလစာခံစားခွင့်များမှာ အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

လုပ်သားတစ်ဦးချင်းမှရရှိသော စုစုပေါင်းဝင်ငွေ၊ လည်ပတ်ငွေကို လေ့လာသောအခါ တွေ့မြင်နေကျ စံပုံစံတစ်ခုထွက်ပေါ်လာသည်ကိုတွေ့ရှိရပါသည်။ လုပ်သားတစ်ဦးချင်းမှရရှိသော အမြင့်ဆုံးတန်ဖိုးကို ကုန်သွယ်မှုကဏ္ဍတွင် တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ကုန်သွယ်မှုကဏ္ဍတွင် ကုန်ပစ္စည်းများ လည်ပတ်စီးဆင်းမှုသည် မြန်ဆန်လေ့ရှိသဖြင့် တစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာလည်းပိုမိုမြင့်မားခြင်းဖြစ်ပါသည်(အသုံးစရိတ်များကိုထည့်တွက်မည်ဆိုပါကတစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုးမြင့်မားခြင်းအား အမြတ်အစွန်းပိုမိုများပြားခြင်းဟု အဓိပ္ပါယ်သက်ရောက်ခြင်း

မရှိပါ)။ လုပ်သားတစ်ဦးချင်းစီမှ ဒုတိယအမြင့်ဆုံးတန်ဖိုး ရရှိသောကဏ္ဍမှာ ကုန်ထုတ်လုပ်ရေးကဏ္ဍဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍမှာ တန်ဖိုးအနည်းဆုံးရရှိသောကဏ္ဍဖြစ်ပါသည်။ ဝင်ငွေကိုလေ့လာရာမှ အသုံးစရိတ်၊ ကုန်ကျစရိတ်များကို ကူးပြောင်းလေ့လာပါက စီးပွားရေးလုပ်ငန်းများသည် ကုန်စည်များ (ကုန်ကြမ်းပစ္စည်းများ၊ တစ်ဆင့်ဝယ်ယူ ရောင်းချသော ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသောကုန်စည်များ)အတွက် သုံးစွဲမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယအသုံးစရိတ်အများဆုံးမှာ လုပ်သားငှားရမ်းမှုအတွက် သုံးစွဲသည့်အသုံးစရိတ်ဖြစ်ပြီး လောင်စာနှင့် လျှပ်စစ်ဓာတ်အားအတွက် သုံးစွဲသောအသုံးစရိတ်မှာ တတိယအများဆုံးဖြစ်ပါသည်။ ကဏ္ဍသုံးခုလုံးတွင် ပြည်တွင်းထုတ်ကုန်များကိုအဓိကအသုံးပြုနေကြသော်လည်း ကုန်သွယ်မှုကဏ္ဍသည် ပြည်ပမှတင်သွင်းသော ကုန်ကြမ်းပစ္စည်းများကို သုံးစွဲမှုမြင့်မားကြောင်း တွေ့ရှိရပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍသည် ထပ်ဆင့်တိုးတန်ဖိုး (Value Added) နှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေ (Gross Operating Surplus) မှာ အများဆုံးဖြစ်ပြီး ၅၈ % နှင့် ၅၆ % ရှိပါသည်။ ကုန်သွယ်မှုကဏ္ဍတွင် ထပ်ဆင့်တိုးတန်ဖိုးနှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေမှာ ၂၂ % နှင့် ၂၄ % ရှိပြီး ဝန်ဆောင်မှုကဏ္ဍ၌ ထပ်ဆင့်တိုးတန်ဖိုးနှင့် လုပ်ငန်းလည်ပတ်မှုမှ ပိုလျှံငွေမှာ ၂၀ % စီရှိပါသည်။ ကဏ္ဍခွဲအဆင့်ဖြစ်သော စားသောက်ကုန်၊ အဖျော်ယမကာ၊ ဆေးရွက်ကြီးထုတ်လုပ်မှုနှင့် အထည်အလိပ်ထုတ်လုပ်မှုများတွင် စုစုပေါင်းထပ်ဆင့်တိုးတန်ဖိုး၏ ၄၀ % ခန့်ရှိပါသည်။ ကျန် ၁၂ % မှာ လက်လီကုန်သွယ်မှုမှ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားသည် အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ပါးနေဆဲဖြစ်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များအရ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍသည် လုပ်ငန်းအမျိုးအစား ကွဲပြားစုံလင်မှုနှင့် လုပ်သားများ၏ ကုန်ထုတ်စွမ်းအားများ နည်းပါးနေဆဲဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာမှာ ကြီးမားပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှရရှိသောကိန်းဂဏန်းအချက်အလက်အသစ်များသည်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍမှ လက်ရှိပါဝင်ကူညီနေမှုများအကြောင်း ပိုမိုနားလည်သိရှိလာစေပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်သေအထောက်အထားကို အခြေခံသောမူဝါဒများ ချမှတ်ရေးဆွဲရာတွင် အထောက်အကူဖြစ်မည်ဟုမျှော်လင့်ပါသည်။

# အချက်အလက်ဇယားများ

## မြန်မာနိုင်ငံရှိ စီးပွားလုပ်ငန်းများ၏ ဝိသေသလက္ခဏာများ

### ဇယား ၁ -စီးပွားရေးကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိနေပုံ (%)

| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| သတ္တုတွင်းတူးခြင်းနှင့် ကျောက်တူးခြင်း | ၅၀၄ | ၀.၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၂၇,၁၂၇ | ၂၁.၄ |
| အထည်အလိပ်၊ အဝတ်အထည်၊ သားရေနှင့် ဆက်စပ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၃,၈၃၀ | ၃.၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၁,၁၁၄ | ၀.၉ |
| စက္ကူဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် အသံသွင်းမီဒီယာပစ္စည်းများ ထုတ်လုပ်ခြင်း | ၁,၄၅၅ | ၁.၁ |
| ဓာတုပစ္စည်းများနှင့် ဓာတုထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၂၉၉ | ၀.၂ |
| အခြေခံဆေးဝါးပစ္စည်းများနှင့် ဆေးဝါးဖော်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၂၂၈ | ၀.၂ |
| ရာဘာနှင့်ပလတ်စတစ်ပစ္စည်းများ၊ အခြားသော သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၇,၁၃၇ | ၅.၆ |
| အခြေခံသတ္တုနှင့် ပြုပြင်စီမံတပ်ဆင်ထားသော သတ္တုထုတ်ကုန်များ ထုတ်လုပ်ခြင်း (စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများမပါ) | ၃,၀၇၇ | ၂.၄ |
| လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၅၁ | ၀.၀ |
| စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း n.e.c. | ၁၈၇ | ၀.၁ |
| သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း | ၄၈၆ | ၀.၄ |
| ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း | ၁,၂၂၉ | ၁.၀ |
| အခြားသော စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်း | ၄,၁၀၉ | ၃.၂ |
| လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးစနစ် ဖြန့်ချိပေးသွင်းခြင်း | ၁၀၄ | ၀.၁ |
| ရေပေးဝေခြင်း၊ မိလ္လာ၊ အညစ်အကြေးစီမံခန့်ခွဲမှုနှင့် သန့်စင်ပေးမှု | ၄၄ | ၀.၀ |
| ဆောက်လုပ်ရေး | ၁၆၁ | ၀.၁ |
| မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ကုန်သွယ်မှုနှင့် ပြုပြင်မှု | ၅,၃၉၇ | ၄.၃ |

| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လက်ကားကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၈,၄၈၀ | ၆.၇ |
| လက်လီကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၂၇,၄၉၂ | ၂၁.၇ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေး | ၄,၁၅၀ | ၃.၃ |
| နေထိုင်တည်းခိုစရာများ | ၂,၃၄၈ | ၁.၈ |
| အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁၈,၈၉၀ | ၁၄.၉ |
| ပုံနှိပ်ဖြန့်ဝေခြင်း၊ ရုပ်သံနှင့် အသံလွှင့်လုပ်ငန်းများ | ၅၆၀ | ၀.၄ |
| IT နှင့် အခြား သတင်းအချက်အလက် ဝန်ဆောင်မှုများ | ၃၃၂ | ၀.၃ |
| အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများ | ၂၉ | ၀.၀ |
| ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ | ၃၁၈ | ၀.၃ |
| စီမံအုပ်ချုပ်မှုနှင့် ထောက်ပံ့ဝန်ဆောင်မှုလုပ်ငန်းများ | ၁,၉၀၄ | ၁.၅ |
| ပညာရေး | ၃၃၁ | ၀.၃ |
| လူများအတွက် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ | ၆၁၀ | ၀.၅ |
| အနုပညာ၊ ဖျော်ဖြေမှုနှင့် အပန်းဖြေမှုလုပ်ငန်းများ | ၃၂၀ | ၀.၃ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၄,၆၂၄ | ၃.၆ |
| **စုစုပေါင်း** | **၁၂၆,၉၂၈** | **၁၀၀.၀** |

## ဇယား ၂ - စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် နယ်မြေဒေသများတွင် ပျံ့နှံ့တည်ရှိနေပုံ (%)

| | ပြည်နယ်/တိုင်းဒေသကြီး | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် | စုစုပေါင်း (%) | စုစုပေါင်း # |
| သတ္တုတွင်းတူးခြင်းနှင့်ကျောက်တူးခြင်း | ၁.၄ | ၀.၉ | ၀.၂ | ၀.၀ | ၀.၄ | ၅၆.၈ | ၅.၈ | ၀.၄ | ၂၆.၁ | ၃.၄ | ၀.၀ | ၂.၂ | ၂.၄ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၅၀၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၁.၄ | ၀.၅ | ၁.၃ | ၁.၃ | ၁၆.၈ | ၄.၉ | ၁၁.၉ | ၁၀.၅ | ၁၂.၆ | ၂.၈ | ၅.၅ | ၉.၂ | ၇.၂ | ၁၁.၄ | ၂.၇ | ၁၀၀.၀ | ၂၇,၁၂၇ |
| အထည်အလိပ်၊ အဝတ်အထည်၊ သားရေနှင့် ဆက်စပ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၃.၆ | ၀.၄ | ၀.၃ | ၁.၃ | ၃.၇ | ၁.၀ | ၂.၁ | ၈.၅ | ၄၆.၅ | ၀.၄ | ၀.၀ | ၂၅.၈ | ၅.၄ | ၁.၀ | ၀.၀ | ၁၀၀.၀ | ၃,၈၃၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၀.၁ | ၂.၀ | ၄.၀ | ၀.၀ | ၇.၃ | ၁၄.၃ | ၄.၇ | ၀.၅ | ၁၇.၆ | ၆.၃ | ၁.၂ | ၂၁.၄ | ၁၃.၅ | ၅.၅ | ၁.၆ | ၁၀၀.၀ | ၁,၁၁၄ |
| စက္ကူဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် အသံသွင်းမီဒီယာပစ္စည်းများထုတ်လုပ်ခြင်း | ၂.၀ | ၀.၆ | ၀.၄ | ၀.၀ | ၇.၈ | ၅.၈ | ၄.၀ | ၃.၃ | ၁၈.၈ | ၂.၃ | ၆.၆ | ၄၁.၅ | ၃.၁ | ၂.၉ | ၀.၉ | ၁၀၀.၀ | ၁,၄၅၅ |
| ဓာတုပစ္စည်းများနှင့် ဓာတုထုတ်ကုန်များထုတ်လုပ်ခြင်း | ၂.၃ | ၀.၀ | ၀.၄ | ၀.၀ | ၄.၀ | ၀.၄ | ၀.၃ | ၉.၉ | ၄၅.၂ | ၀.၄ | ၆.၇ | ၂၂.၄ | ၆.၆ | ၀.၄ | ၁.၁ | ၁၀၀.၀ | ၂၉၉ |
| အခြေခံဆေးဝါးပစ္စည်းများနှင့် ဆေးဝါးဖော်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၀.၉ | ၀.၀ | ၁.၅ | ၀.၀ | ၀.၉ | ၂.၁ | ၀.၈ | ၂.၈ | ၂.၉ | ၁.၆ | ၀.၀ | ၇၆.၃ | ၉.၅ | ၀.၅ | ၀.၀ | ၁၀၀.၀ | ၂၂၈ |
| ရာဘာနှင့်ပလတ်စတစ်ပစ္စည်းများ၊ အခြားသော သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၀.၅ | ၀.၂ | ၀.၃ | ၀.၀ | ၂.၁ | ၁၃.၁ | ၀.၁ | ၂.၈ | ၅.၃ | ၆၄.၀ | ၀.၃ | ၉.၇ | ၁.၀ | ၀.၄ | ၀.၂ | ၁၀၀.၀ | ၇,၁၃၇ |
| အခြေခံသတ္တုနှင့် ပြုပြင်စီမံတပ်ဆင်ထားသော သတ္တုထုတ်ကုန်များ ထုတ်လုပ်ခြင်း (စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများမပါ) | ၂.၅ | ၀.၅ | ၃.၄ | ၁.၀ | ၆.၄ | ၂.၀ | ၅.၈ | ၁၀.၁ | ၂၈.၇ | ၂.၈ | ၀.၈ | ၂၆.၈ | ၅.၆ | ၂.၅ | ၀.၉ | ၁၀၀.၀ | ၃,၀၇၇ |
| လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၂.၁ | ၀.၀ | ၄.၅ | ၀.၀ | ၇.၉ | ၀.၀ | ၇.၀ | ၇၆.၀ | ၂.၅ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၅၁ |
| စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း n.e.c. | ၂.၃ | ၀.၀ | ၃.၈ | ၀.၇ | ၉.၄ | ၀.၀ | ၁၀.၉ | ၁.၀ | ၂၈.၃ | ၃.၃ | ၀.၀ | ၁၉.၂ | ၄.၄ | ၁၅.၅ | ၁.၂ | ၁၀၀.၀ | ၁၈၇ |
| သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း | ၀.၀ | ၀.၀ | ၀.၀ | ၀.၈ | ၄.၈ | ၁.၉ | ၀.၄ | ၀.၀ | ၃၇.၆ | ၀.၀ | ၀.၀ | ၃၁.၃ | ၂၀.၂ | ၂.၉ | ၀.၀ | ၁၀၀.၀ | ၄၈၆ |

| | ပြည်နယ်/တိုင်းဒေသကြီး | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် | စုစုပေါင်း (%) | စုစုပေါင်း # |
| ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း | ၅.၅ | ၁.၂ | ၇.၉ | ၀.၀ | ၁၅.၅ | ၄.၃ | ၂.၁ | ၁.၇ | ၇.၉ | ၅.၁ | ၁.၁ | ၃၂.၈ | ၁၂.၅ | ၁.၀ | ၁.၄ | ၁၀၀.၀ | ၁,၂၂၉ |
| အခြားသော စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်း | ၁.၂ | ၀.၄ | ၁.၈ | ၀.၈ | ၉.၁ | ၄.၆ | ၇.၃ | ၈.၂ | ၁၉.၂ | ၂.၃ | ၅.၁ | ၂၂.၈ | ၉.၉ | ၅.၆ | ၁.၈ | ၁၀၀.၀ | ၄,၁၀၉ |
| လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးစနစ် ဖြန့်ချိပေးသွင်းခြင်း | ၀.၀ | ၀.၀ | ၃.၂ | ၂၃.၄ | ၀.၀ | ၁၁.၈ | ၂.၇ | ၂.၈ | ၀.၀ | ၈.၉ | ၆.၄ | ၃၈.၅ | ၂.၂ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၁၀၄ |
| ရေပေးဝေခြင်း၊ မိလ္လာ၊ အညစ်အကြေး စီမံခန့်ခွဲမှုနှင့် သန့်စင်ပေးမှု | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၈.၂ | ၀.၀ | ၇၂.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၉.၈ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၄၄ |
| ဆောက်လုပ်ရေး | ၀.၀ | ၁.၁ | ၀.၀ | ၁၃.၁ | ၉.၅ | ၅.၃ | ၁.၄ | ၀.၀ | ၃.၂ | ၀.၀ | ၁.၄ | ၂၈.၄ | ၂၄.၆ | ၀.၆ | ၁၁.၄ | ၁၀၀.၀ | ၁၆၁ |
| မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ကုန်သွယ်မှုနှင့် ပြုပြင်မှု | ၄.၄ | ၁.၈ | ၂.၅ | ၀.၂ | ၇.၄ | ၆.၂ | ၄.၂ | ၁၀.၅ | ၂၆.၀ | ၇.၃ | ၄.၂ | ၈.၉ | ၁၁.၆ | ၁.၆ | ၃.၂ | ၁၀၀.၀ | ၅,၃၉၇ |
| လက်ကားကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၀.၇ | ၁.၁ | ၁.၆ | ၀.၀ | ၇.၂ | ၉.၇ | ၇.၄ | ၂၂.၁ | ၉.၆ | ၂.၁ | ၅.၁ | ၂၀.၀ | ၇.၂ | ၃.၃ | ၃.၀ | ၁၀၀.၀ | ၈,၄၈၀ |
| လက်လီကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၁.၆ | ၁.၂ | ၃.၃ | ၂.၁ | ၄.၈ | ၁၀.၃ | ၉.၁ | ၇.၂ | ၁၃.၂ | ၇.၁ | ၄.၇ | ၁၉.၇ | ၉.၁ | ၄.၃ | ၂.၃ | ၁၀၀.၀ | ၂၇,၄၉၂ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေး | ၀.၄ | ၀.၀ | ၁.၄ | ၁.၀ | ၁၅.၄ | ၁၉.၆ | ၅.၅ | ၇.၂ | ၆.၁ | ၅.၅ | ၁၆.၅ | ၁၀.၆ | ၆.၅ | ၂.၃ | ၂.၀ | ၁၀၀.၀ | ၄,၁၅၀ |
| နေထိုင်တည်းခိုစရာများ | ၄.၃ | ၀.၆ | ၂.၇ | ၀.၃ | ၇.၃ | ၄.၂ | ၃.၇ | ၂.၉ | ၁၈.၄ | ၃.၆ | ၆.၄ | ၁၂.၂ | ၂၃.၀ | ၇.၇ | ၂.၇ | ၁၀၀.၀ | ၂,၃၄၈ |
| အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁.၆ | ၀.၆ | ၄.၃ | ၀.၆ | ၉.၅ | ၈.၀ | ၃.၉ | ၇.၄ | ၁၅.၇ | ၆.၅ | ၄.၈ | ၂၂.၅ | ၈.၁ | ၄.၃ | ၂.၂ | ၁၀၀.၀ | ၁၈,၈၉၀ |
| ပုံနှိပ်ဖြန့်ဝေခြင်း၊ ရုပ်သံနှင့် အသံလွှင့်လုပ်ငန်းများ | ၁.၅ | ၀.၀ | ၂.၇ | ၀.၂ | ၂.၃ | ၆.၃ | ၀.၅ | ၃.၈ | ၂၅.၀ | ၀.၅ | ၂၅.၆ | ၈.၆ | ၂၂.၃ | ၀.၆ | ၀.၀ | ၁၀၀.၀ | ၅၆၀ |
| IT နှင့် အခြား သတင်းအချက်အလက် ဝန်ဆောင်မှုများ | ၀.၀ | ၁.၃ | ၀.၃ | ၁.၅ | ၃.၃ | ၇.၇ | ၁.၀ | ၂.၃ | ၀.၃ | ၄.၀ | ၃.၄ | ၂၉.၈ | ၃၄.၇ | ၇.၃ | ၂.၉ | ၁၀၀.၀ | ၃၃၂ |
| အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၂၁.၉ | ၂၄.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၄၁.၈ | ၁၁.၄ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၂၉ |
| ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ | ၅.၀ | ၀.၃ | ၀.၃ | ၃.၇ | ၆.၅ | ၉.၈ | ၂.၃ | ၀.၇ | ၉.၄ | ၃.၂ | ၁.၈ | ၃၀.၀ | ၁၄.၁ | ၉.၅ | ၃.၂ | ၁၀၀.၀ | ၃၁၈ |
| စီမံအုပ်ချုပ်မှုနှင့် ထောက်ပံ့ဝန်ဆောင် | ၁.၀ | ၁.၂ | ၀.၇ | ၀.၃ | ၅.၀ | ၁၄.၈ | ၆.၈ | ၇.၀ | ၉.၃ | ၄.၆ | ၄.၅ | ၃၂.၂ | ၁၀.၅ | ၁.၃ | ၀.၈ | ၁၀၀.၀ | ၁,၉၀၄ |

| | ပြည်နယ်/တိုင်းဒေသကြီး | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ** | **ကချင်** | **ကယား** | **ကရင်** | **ချင်း** | **စစ်ကိုင်း** | **တနင်္သာရီ** | **ပဲခူး** | **မကွေး** | **မန္တလေး** | **မွန်** | **ရခိုင်** | **ရန်ကုန်** | **ရှမ်း** | **ဧရာဝတီ** | **နေပြည်တော်** | **စုစုပေါင်း (%)** | **စုစုပေါင်း #** |
| မှုလုပ်ငန်းများ | | | | | | | | | | | | | | | | | |
| ပညာရေး | ၃.၂ | ၄.၀ | ၀.၀ | ၆.၃ | ၃.၂ | ၂၄.၄ | ၁.၅ | ၁၀.၉ | ၉.၉ | ၀.၀ | ၀.၄ | ၃၃.၀ | ၃.၃ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၃၃၁ |
| လူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ | ၂.၁ | ၀.၇ | ၀.၀ | ၁.၃ | ၂.၁ | ၆.၃ | ၂.၉ | ၁၆.၃ | ၈.၁ | ၅.၉ | ၄.၂ | ၄၅.၈ | ၃.၁ | ၁.၀ | ၀.၀ | ၁၀၀.၀ | ၆၁၀ |
| အနုပညာ၊ဖျော်ဖြေမှုနှင့် အပန်းဖြေမှု လုပ်ငန်းများ | ၁.၀ | ၅.၃ | ၀.၃ | ၀.၀ | ၀.၀ | ၃၂.၉ | ၇.၂ | ၀.၆ | ၅.၀ | ၀.၀ | ၀.၀ | ၂၃.၃ | ၂၀.၇ | ၂.၀ | ၀.၇ | ၁၀၀.၀ | ၃၂၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၂.၀ | ၀.၆ | ၃.၃ | ၀.၈ | ၁.၀ | ၁၄.၁ | ၁၁.၄ | ၈.၂ | ၁၁.၂ | ၃.၉ | ၂.၁ | ၂၂.၅ | ၁၇.၉ | ၀.၆ | ၀.၄ | ၁၀၀.၀ | ၄,၆၂၄ |
| **စုစုပေါင်း** | **၁.၇** | **၀.၈** | **၂.၄** | **၁.၁** | **၈.၇** | **၈.၆** | **၇.၂** | **၈.၇** | **၁၄.၈** | **၈.၀** | **၄.၇** | **၁၇.၉** | **၈.၆** | **၅.၀** | **၂.၀** | **၁၀၀.၀** | **၁၂၆,၉၂၈** |

# ဇယား ၃ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ တည်နေရာအလိုက် ပျံ့နှံ့တည်ရှိပုံ (%)

| | စက်မှုဇုန် အတွင်း သို့မဟုတ် ပြင်ပတွင် တည်ရှိမှု | | | | |
|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | စက်မှုဇုန်အတွင်း | စက်မှုဇုန်ပြင်ပ | အချက်အလက် မရရှိခြင်း | စုစုပေါင်း(%) | စုစုပေါင်း စီးပွားရေးလုပ်ငန်းများ# |
| သတ္တုတွင်းတူးခြင်းနှင့် ကျောက်တူးခြင်း | ၀.၅ | ၉၉.၅ | ၀.၀ | ၁၀၀.၀ | ၅၀၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များထုတ်လုပ်ခြင်း | ၄.၈ | ၉၅.၂ | ၀.၀ | ၁၀၀.၀ | ၂၇,၁၂၇ |
| အထည်အလိပ်၊ အ၀တ်အထည်၊ သားရေနှင့် ဆက်စပ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၁၄.၃ | ၈၅.၇ | ၀.၀ | ၁၀၀.၀ | ၃,၈၃၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၁၃.၃ | ၈၆.၇ | ၀.၀ | ၁၀၀.၀ | ၁,၁၁၄ |
| စက္ကူဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် အသံသွင်းမီဒီယာပစ္စည်းများ ထုတ်လုပ်ခြင်း | ၈.၀ | ၉၂.၀ | ၀.၀ | ၁၀၀.၀ | ၁,၄၅၅ |
| ဓာတုပစ္စည်းများနှင့် ဓာတုထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၂၁.၀ | ၇၉.၀ | ၀.၀ | ၁၀၀.၀ | ၂၉၉ |
| အခြေခံဆေးဝါးပစ္စည်းများနှင့် ဆေးဝါးဖော်စပ်ပစ္စည်းများထုတ်လုပ်ခြင်း | ၁၁.၈ | ၈၈.၂ | ၀.၀ | ၁၀၀.၀ | ၂၂၈ |
| ရာဘာနှင့်ပလတ်စတစ်ပစ္စည်းများ၊ အခြားသော သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၈.၀ | ၉၂.၀ | ၀.၀ | ၁၀၀.၀ | ၇,၁၃၇ |
| အခြေခံသတ္တုနှင့် ပြုပြင်စီမံတပ်ဆင်ထားသော သတ္တုထုတ်ကုန်များထုတ်လုပ်ခြင်း (စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများမပါ) | ၃၀.၃ | ၆၉.၇ | ၀.၀ | ၁၀၀.၀ | ၃,၀၇၇ |
| လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၈၇.၇ | ၁၂.၃ | ၀.၀ | ၁၀၀.၀ | ၅၁ |
| စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း n.e.c. | ၃၄.၁ | ၆၅.၉ | ၀.၀ | ၁၀၀.၀ | ၁၈၇ |
| သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း | ၅၉.၅ | ၄၀.၅ | ၀.၀ | ၁၀၀.၀ | ၄၈၆ |
| ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း | ၇.၀ | ၉၂.၉ | ၀.၁ | ၁၀၀.၀ | ၁,၂၂၉ |
| အခြားသော စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်း | ၂၀.၂ | ၇၉.၈ | ၀.၀ | ၁၀၀.၀ | ၄,၁၀၉ |
| လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးစနစ် ဖြန့်ချိပေးသွင်းခြင်း | ၂.၃ | ၉၇.၇ | ၀.၀ | ၁၀၀.၀ | ၁၀၄ |
| ရေပေးဝေခြင်း၊ မိလ္လာ၊ အညစ်အကြေးစီမံခန့်ခွဲမှုနှင့် သန့်စင်ပေးမှု | ၀.၀ | ၁၀၀.၀ | ၀.၀ | ၁၀၀.၀ | ၄၄ |
| ဆောက်လုပ်ရေး | ၆.၉ | ၉၃.၁ | ၀.၀ | ၁၀၀.၀ | ၁၆၁ |
| မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ကုန်သွယ်မှုနှင့်ပြုပြင်မှု | ၁၄.၁ | ၈၅.၄ | ၀.၅ | ၁၀၀.၀ | ၅,၃၉၇ |
| လက်ကားကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၅.၄ | ၉၄.၆ | ၀.၀ | ၁၀၀.၀ | ၈,၄၈၀ |
| လက်လီကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၂.၂ | ၉၇.၆ | ၀.၂ | ၁၀၀.၀ | ၂၇,၄၉၂ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေး | ၃.၉ | ၉၆.၀ | ၀.၁ | ၁၀၀.၀ | ၄,၁၅၀ |
| နေထိုင်တည်းခိုစရာများ | ၀.၆ | ၉၉.၄ | ၀.၀ | ၁၀၀.၀ | ၂,၃၄၈ |

| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | စက်မှုဇုန် အတွင်း သို့မဟုတ် ပြင်ပတွင် တည်ရှိမှု | | | | |
|---|---|---|---|---|---|
| | **စက်မှုဇုန်အတွင်း** | **စက်မှုဇုန်ပြင်ပ** | **အချက်အလက် မရရှိခြင်း** | **စုစုပေါင်း(%)** | **စုစုပေါင်း စီးပွားရေးလုပ်ငန်းများ#** |
| အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁.၄ | ၉၈.၆ | ၀.၀ | ၁၀၀.၀ | ၁၈,၈၉၀ |
| ပုံနှိပ်ဖြန့်ဝေခြင်း၊ ရုပ်သံနှင့် အသံလွှင့်လုပ်ငန်းများ | ၀.၂ | ၉၉.၈ | ၀.၀ | ၁၀၀.၀ | ၅၆၀ |
| IT နှင့် အခြား သတင်းအချက်အလက် ဝန်ဆောင်မှုများ | ၁.၅ | ၉၇.၈ | ၀.၇ | ၁၀၀.၀ | ၃၃၂ |
| အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများ | ၇.၉ | ၉၂.၁ | ၀.၀ | ၁၀၀.၀ | ၂၉ |
| ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ | ၁.၆ | ၉၈.၄ | ၀.၀ | ၁၀၀.၀ | ၃၁၈ |
| စီမံအုပ်ချုပ်မှုနှင့် ထောက်ပံ့ဝန်ဆောင်မှုလုပ်ငန်းများ | ၄.၈ | ၉၅.၂ | ၀.၀ | ၁၀၀.၀ | ၁,၉၀၄ |
| ပညာရေး | ၀.၇ | ၉၉.၃ | ၀.၀ | ၁၀၀.၀ | ၃၃၁ |
| လူများအတွက် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ | ၁.၄ | ၉၈.၆ | ၀.၀ | ၁၀၀.၀ | ၆၁၀ |
| အနုပညာ၊ ဖျော်ဖြေမှုနှင့် အပန်းဖြေမှုလုပ်ငန်းများ | ၀.၄ | ၉၉.၆ | ၀.၀ | ၁၀၀.၀ | ၃၂၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၃.၇ | ၉၆.၃ | ၀.၀ | ၁၀၀.၀ | ၄,၆၂၄ |
| **စုစုပေါင်း** | **၆.၀** | **၉၃.၉** | **၀.၁** | **၁၀၀.၀** | **၁၂၆,၉၂၈** |

# ဇယား ၄ -စီးပွားရေးလုပ်ငန်းများ၏အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် ပိုင်ဆိုင်မှုအမျိုးအစားအလိုက်စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိပုံ(%)

| | ပိုင်ဆိုင်မှုအမျိုးအစား | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏<br>အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | မြန်မာနိုင်ငံသား (များ) ပိုင်ဆိုင်သော ကိုယ်ပိုင်လုပ်ငန်း | နိုင်ငံခြားသား (များ) ပိုင်ဆိုင်သော ကိုယ်ပိုင် လုပ်ငန်း | သမဝါယမ | မြန်မာနိုင်ငံသားနှင့် နိုင်ငံခြား ကုမ္ပဏီ(များ) ဖက်စပ်ပိုင်ဆိုင်သော လုပ်ငန်းများ | ပြည်သူပိုင်နှင့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများမှ ဖက်စပ်ပိုင်ဆိုင်သော လုပ်ငန်းများ | ပြည်သူပိုင်နှင့် နိုင်ငံခြား ကုမ္ပဏီ(များ)မှ ဖက်စပ်ပိုင်ဆိုင် သော လုပ်ငန်းများ | အခြား | အချက် အလက် မရရှိမှုများ | စုစုပေါင်း (%) | စုစုပေါင်း စီးပွားရေးလုပ်ငန်းများ# |
| သတ္တုတွင်းတူးခြင်းနှင့်ကျောက်တူးခြင်း | ၉၅.၀ | ၀.၇ | ၀.၀ | ၀.၂ | ၀.၅ | ၀.၀ | ၃.၆ | ၀.၀ | ၁၀၀.၀ | ၅၀၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များထုတ်လုပ်ခြင်း | ၉၉.၁ | ၀.၇ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၀.၀ | ၀.၁ | ၁၀၀.၀ | ၂၇,၁၂၇ |
| အထည်အလိပ်၊ အဝတ်အထည်၊ သားရေ နှင့်ဆက်စပ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၉၅.၀ | ၃.၇ | ၀.၀ | ၀.၅ | ၀.၁ | ၀.၀ | ၀.၀ | ၀.၆ | ၁၀၀.၀ | ၃,၈၃၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၉.၄ | ၀.၅ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၀.၀ | ၀.၁ | ၁၀၀.၀ | ၁,၁၁၄ |
| စက္ကူဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် အသံသွင်းမီဒီယာပစ္စည်း များထုတ်လုပ်ခြင်း | ၉၇.၅ | ၀.၁ | ၀.၀ | ၀.၀ | ၀.၇ | ၀.၀ | ၀.၁ | ၁.၆ | ၁၀၀.၀ | ၁,၄၅၅ |
| ဓာတုပစ္စည်းများနှင့် ဓာတုထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၉၇.၅ | ၀.၉ | ၀.၄ | ၀.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၄ | ၁၀၀.၀ | ၂၉၉ |
| အခြေခံဆေးဝါးပစ္စည်းများနှင့် ဆေးဝါး ဖော်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၉.၅ | ၀.၀ | ၀.၀ | ၀.၅ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၂၂၈ |
| ရာဘာနှင့်ပလတ်စတစ်ပစ္စည်းများ၊ အခြားသော သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၉.၅ | ၀.၁ | ၀.၀ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၀.၃ | ၁၀၀.၀ | ၇,၁၃၇ |
| အခြေခံသတ္တုနှင့် ပြုပြင်စီမံတပ်ဆင်ထားသော သတ္တုထုတ်ကုန်များထုတ်လုပ်ခြင်း(စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများမပါ) | ၉၉.၃ | ၀.၁ | ၀.၀ | ၀.၂ | ၀.၀ | ၀.၀ | ၀.၁ | ၀.၃ | ၁၀၀.၀ | ၃,၀၇၇ |
| လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်း | ၈၇.၇ | ၂.၄ | ၀.၀ | ၉.၉ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၅၁ |
| စက်ယန္တရားနှင့်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း n.e.c. | ၉၇.၃ | ၀.၀ | ၂.၀ | ၀.၀ | ၀.၇ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၁၈၇ |
| သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း | ၉၉.၇ | ၀.၀ | ၀.၀ | ၀.၃ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၄၈၆ |
| ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်း | ၉၉.၈ | ၀.၀ | ၀.၀ | ၀.၁ | ၀.၁ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၁,၂၂၉ |
| အခြားသော စက်ယန္တရားများနှင့်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း နှင့်တပ်ဆင်ခြင်း | ၉၅.၉ | ၀.၈ | ၁.၀ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၂.၂ | ၁၀၀.၀ | ၄,၁၀၉ |

| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | ပိုင်ဆိုင်မှုအမျိုးအစား | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | မြန်မာနိုင်ငံသား (များ) ပိုင်ဆိုင်သော ကိုယ်ပိုင်လုပ်ငန်း | နိုင်ငံခြားသား (များ) ပိုင်ဆိုင်သော ကိုယ်ပိုင် လုပ်ငန်း | သမဝါယမ | မြန်မာနိုင်ငံသားနှင့် နိုင်ငံခြား ကုမ္ပဏီ(များ) ဖက်စပ်ပိုင်ဆိုင်သော လုပ်ငန်းများ | ပြည်သူပိုင်နှင့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများမှ ဖက်စပ်ပိုင်ဆိုင်သော လုပ်ငန်းများ | ပြည်သူပိုင်နှင့် နိုင်ငံခြား ကုမ္ပဏီ(များ)မှ ဖက်စပ်ပိုင်ဆိုင် သော လုပ်ငန်းများ | အခြား | အချက် အလက် မရရှိမှုများ | စုစုပေါင်း (%) | စုစုပေါင်း စီးပွားရေးလုပ်ငန်းများ# |
| လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေး ငွေ့နှင့်လေအေးပေးစနစ် ဖြန့်ချိပေးသွင်းခြင်း | ၉၇.၉ | ၁.၁ | ၀.၀ | ၀.၀ | ၁.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၁၀၄ |
| ရေပေးဝေခြင်း၊ မိလ္လာ၊ အညစ်အကြေးစီမံခန့်ခွဲမှုနှင့် သန့်စင်ပေးမှု | ၉၄.၃ | ၀.၀ | ၅.၇ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၄၄ |
| ဆောက်လုပ်ရေး | ၉၂.၅ | ၀.၀ | ၀.၀ | ၀.၈ | ၆.၁ | ၀.၀ | ၀.၀ | ၀.၆ | ၁၀၀.၀ | ၁၆၁ |
| မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ်များ ကုန်သွယ်မှုနှင့် ပြုပြင်မှု | ၉၈.၆ | ၀.၁ | ၀.၀ | ၀.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁.၁ | ၁၀၀.၀ | ၅,၃၉၇ |
| လက်ကားကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ်များ မပါ) | ၉၆.၂ | ၀.၇ | ၀.၀ | ၂.၁ | ၀.၄ | ၀.၀ | ၀.၁ | ၀.၆ | ၁၀၀.၀ | ၈,၄၈၀ |
| လက်လီကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၉၉.၂ | ၀.၀ | ၀.၁ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၀.၆ | ၁၀၀.၀ | ၂၇,၄၉၂ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေး | ၉၅.၆ | ၀.၉ | ၀.၀ | ၀.၀ | ၂.၈ | ၀.၀ | ၀.၃ | ၀.၄ | ၁၀၀.၀ | ၄,၁၅၀ |
| နေထိုင်တည်းခိုစရာများ | ၉၃.၆ | ၃.၄ | ၁.၇ | ၀.၁ | ၁.၀ | ၀.၀ | ၀.၀ | ၀.၁ | ၁၀၀.၀ | ၂,၃၄၈ |
| အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ | ၉၈.၁ | ၀.၆ | ၀.၀ | ၀.၉ | ၀.၀ | ၀.၀ | ၀.၀ | ၀.၄ | ၁၀၀.၀ | ၁၈,၈၉၀ |
| ပုံနှိပ်ဖြန့်ဝေခြင်း၊ ရုပ်သံနှင့်အသံလွှင့်လုပ်ငန်းများ | ၉၄.၅ | ၀.၀ | ၀.၀ | ၀.၀ | ၀.၃ | ၀.၀ | ၀.၃ | ၄.၈ | ၁၀၀.၀ | ၅၆၀ |
| IT နှင့် အခြားသတင်းအချက်အလက် ဝန်ဆောင်မှုများ | ၉၇.၅ | ၁.၁ | ၀.၀ | ၀.၀ | ၀.၇ | ၀.၀ | ၀.၀ | ၀.၇ | ၁၀၀.၀ | ၃၃၂ |
| အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများ | ၇၇.၂ | ၈.၆ | ၁၄.၂ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၂၉ |
| ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ | ၉၈.၄ | ၀.၈ | ၀.၀ | ၀.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၃၁၈ |
| စီမံအုပ်ချုပ်မှုနှင့် ထောက်ပံ့ဝန်ဆောင်မှုလုပ်ငန်းများ | ၉၆.၈ | ၀.၅ | ၂.၂ | ၀.၀ | ၀.၂ | ၀.၀ | ၀.၂ | ၀.၁ | ၁၀၀.၀ | ၁,၉၀၄ |
| ပညာရေး | ၉၇.၃ | ၀.၀ | ၀.၇ | ၀.၀ | ၀.၇ | ၀.၀ | ၀.၉ | ၀.၃ | ၁၀၀.၀ | ၃၃၁ |
| လူများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ | ၉၆.၁ | ၀.၂ | ၀.၇ | ၀.၀ | ၀.၆ | ၀.၀ | ၂.၄ | ၀.၀ | ၁၀၀.၀ | ၆၁၀ |
| အနုပညာ၊ ဖျော်ဖြေမှုနှင့် အပန်းဖြေမှုလုပ်ငန်းများ | ၁၀၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၃၂၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၉၆.၈ | ၀.၁ | ၁.၃ | ၀.၀ | ၀.၂ | ၀.၀ | ၀.၅ | ၁.၀ | ၁၀၀.၀ | ၄,၆၂၄ |
| **စုစုပေါင်း** | **၉၈.၁** | **၀.၆** | **၀.၂** | **၀.၃** | **၀.၂** | **၀.၀** | **၀.၁** | **၀.၅** | **၁၀၀.၀** | **၁၂၆,၉၂၈** |

ဇယား ၅ -စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် လုပ်ငန်းအမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများ၏ ပျံ့နှံ့တည်ရှိပုံ (%)

| | လုပ်ငန်းအမျိုးအစား | | | | | |
|---|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | ယူနစ်တစ်ခုတည်းရှိသော လုပ်ငန်း | ရုံးချုပ် | ရုံးခွဲ | အချက်အလက်မရရှိမှုများ | စုစုပေါင်း (%) | စုစုပေါင်း စီးပွားရေးလုပ်ငန်း # |
| သတ္တုတွင်းတူးခြင်းနှင့် ကျောက်တူးခြင်း | ၉၆.၇ | ၀.၃ | ၃.၀ | ၀.၀ | ၁၀၀.၀ | ၅၀၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၉၇.၂ | ၁.၆ | ၁.၂ | ၀.၀ | ၁၀၀.၀ | ၂၇,၁၂၇ |
| အထည်အလိပ်၊ အဝတ်အထည်၊ သားရေနှင့် ဆက်စပ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၆.၉ | ၁.၇ | ၁.၄ | ၀.၀ | ၁၀၀.၀ | ၃,၈၃၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၈.၈ | ၀.၅ | ၀.၇ | ၀.၀ | ၁၀၀.၀ | ၁,၁၁၄ |
| စက္ကူဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် အသံသွင်းမီဒီယာပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၅.၁ | ၃.၀ | ၁.၇ | ၀.၂ | ၁၀၀.၀ | ၁,၄၅၅ |
| ဓာတုပစ္စည်းများနှင့် ဓာတုထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၉၆.၇ | ၀.၀ | ၃.၃ | ၀.၀ | ၁၀၀.၀ | ၂၉၉ |
| အခြေခံဆေးဝါးပစ္စည်းများနှင့် ဆေးဝါးဖော်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၅.၈ | ၂.၆ | ၁.၅ | ၀.၀ | ၁၀၀.၀ | ၂၂၈ |
| ရာဘာနှင့်ပလတ်စတစ်ပစ္စည်းများ၊ အခြားသော သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၉.၃ | ၀.၂ | ၀.၅ | ၀.၀ | ၁၀၀.၀ | ၇,၁၃၇ |
| အခြေခံသတ္တုနှင့် ပြုပြင်စီမံတပ်ဆင်ထားသော သတ္တုထုတ်ကုန်များ ထုတ်လုပ်ခြင်း (စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများမပါ) | ၉၈.၀ | ၀.၂ | ၁.၈ | ၀.၀ | ၁၀၀.၀ | ၃,၀၇၇ |
| လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း | ၇၀.၈ | ၉.၈ | ၁၉.၄ | ၀.၀ | ၁၀၀.၀ | ၅၁ |
| စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း n.e.c. | ၉၇.၄ | ၀.၇ | ၁.၉ | ၀.၀ | ၁၀၀.၀ | ၁၈၇ |
| သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း | ၉၇.၀ | ၀.၃ | ၂.၇ | ၀.၀ | ၁၀၀.၀ | ၄၈၆ |
| ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း | ၉၆.၂ | ၀.၆ | ၃.၃ | ၀.၀ | ၁၀၀.၀ | ၁,၂၂၉ |
| အခြားသော စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်တပ်ဆင်ခြင်း | ၉၅.၈ | ၁.၃ | ၁.၇ | ၁.၁ | ၁၀၀.၀ | ၄,၁၀၉ |
| လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပေးစနစ် ဖြန့်ချိပေးသွင်းခြင်း | ၉၄.၅ | ၀.၀ | ၅.၅ | ၀.၀ | ၁၀၀.၀ | ၁၀၄ |

| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | လုပ်ငန်းအမျိုးအစား | | | | | |
|---|---|---|---|---|---|---|
| | ယူနစ်တစ်ခုတည်း ရှိသော လုပ်ငန်း | ရုံးချုပ် | ရုံးခွဲ | အချက်အလက် မရရှိမှုများ | စုစုပေါင်း (%) | စုစုပေါင်း စီးပွားရေးလုပ်ငန်း # |
| ရေပေးဝေခြင်း၊ မိလ္လာ၊ အညစ်အကြေးစီမံခန့်ခွဲမှုနှင့် သန့်စင်ပေးမှု | ၁၀၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ | ၄၄ |
| ဆောက်လုပ်ရေး | ၅၉.၅ | ၁၈.၈ | ၂၁.၈ | ၀.၀ | ၁၀၀.၀ | ၁၆၁ |
| မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ကုန်သွယ်မှုနှင့် ပြုပြင်မှု | ၉၇.၁ | ၁.၄ | ၁.၅ | ၀.၀ | ၁၀၀.၀ | ၅,၃၉၇ |
| လက်ကားကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၉၃.၅ | ၂.၀ | ၄.၄ | ၀.၀ | ၁၀၀.၀ | ၈,၄၈၀ |
| လက်လီကုန်သွယ်ရောင်းဝယ်မှု (မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မပါ) | ၉၅.၆ | ၀.၉ | ၃.၄ | ၀.၁ | ၁၀၀.၀ | ၂၇,၄၉၂ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေး | ၈၉.၉ | ၁.၃ | ၈.၇ | ၀.၀ | ၁၀၀.၀ | ၄,၁၅၀ |
| နေထိုင်တည်းခိုစရာများ | ၉၂.၄ | ၂.၃ | ၅.၂ | ၀.၁ | ၁၀၀.၀ | ၂,၃၄၈ |
| အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ | ၉၅.၄ | ၀.၇ | ၃.၈ | ၀.၁ | ၁၀၀.၀ | ၁၈,၈၉၀ |
| ပုံနှိပ်ဖြန့်ဝေခြင်း၊ ရုပ်သံနှင့် အသံလွှင့်လုပ်ငန်းများ | ၉၈.၂ | ၀.၈ | ၁.၀ | ၀.၀ | ၁၀၀.၀ | ၅၆၀ |
| IT နှင့် အခြား သတင်းအချက်အလက် ဝန်ဆောင်မှုများ | ၉၆.၄ | ၀.၇ | ၂.၉ | ၀.၀ | ၁၀၀.၀ | ၃၃၂ |
| အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများ | ၉၆.၄ | ၀.၀ | ၃.၆ | ၀.၀ | ၁၀၀.၀ | ၂၉ |
| ပညာရပ်ပိုင်းဆိုင်ရာ၊ သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ | ၉၆.၇ | ၁.၂ | ၂.၂ | ၀.၀ | ၁၀၀.၀ | ၃၁၈ |
| စီမံအုပ်ချုပ်မှုနှင့် ထောက်ပံ့ဝန်ဆောင်မှုလုပ်ငန်းများ | ၉၇.၃ | ၀.၅ | ၂.၂ | ၀.၀ | ၁၀၀.၀ | ၁,၉၀၄ |
| ပညာရေး | ၉၇.၅ | ၀.၃ | ၂.၁ | ၀.၀ | ၁၀၀.၀ | ၃၃၁ |
| လူများအတွက် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ | ၉၃.၉ | ၀.၃ | ၅.၇ | ၀.၀ | ၁၀၀.၀ | ၆၁၀ |
| အနုပညာ၊ ဖျော်ဖြေမှုနှင့် အပန်းဖြေမှုလုပ်ငန်းများ | ၉၇.၅ | ၀.၄ | ၂.၁ | ၀.၀ | ၁၀၀.၀ | ၃၂၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၉၆.၂ | ၀.၄ | ၃.၃ | ၀.၀ | ၁၀၀.၀ | ၄,၆၂၄ |
| **စုစုပေါင်း** | **၉၅.၉** | **၁.၂** | **၂.၈** | **၀.၁** | **၁၀၀.၀** | **၁၂၆,၉၂၈** |

## ဇယား ၆ - အဓိကစီးပွားရေးလုပ်ဆောင်ချက်များအလိုက် စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်ထားမှုအခြေအနေ (%)

| | မှတ်ပုံတင်ထားမှုအခြေအနေ | | | | |
|---|---|---|---|---|---|
| စီးပွားရေးလုပ်ငန်းများ၏ အဓိကစီးပွားရေးလုပ်ဆောင်ချက်များ | DICA | ပြည်ထောင်စုဝန်ကြီး ဌာန (သို့) ပြည်ထောင်စုအဆင့် နီးနွယ်အဖွဲ့အစည်း | စည်ပင်သာယာရုံး (သို့) မြို့နယ်/မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | GAD | စုစုပေါင်း စီးပွားရေး လုပ်ငန်း # |
| သတ္တုတွင်းတူးခြင်းနှင့် ကျောက်တူးခြင်း | ၁၉.၁ | ၈၇.၁ | ၄၃.၆ | ၄၁.၅ | ၅၀၄ |
| စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးထုတ်ကုန်များ ထုတ်လုပ်ခြင်း | ၃.၁ | ၆၀.၄ | ၇၁.၃ | ၈.၄ | ၂၇,၁၂၇ |
| အထည်အလိပ်၊ အဝတ်အထည်၊ သားရေနှင့် ဆက်စပ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၁၂.၁ | ၄၆.၁ | ၈၄.၆ | ၅.၄ | ၃,၈၃၀ |
| သစ်သားဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၄.၄ | ၅၉.၈ | ၆၃.၆ | ၃.၉ | ၁,၁၁၄ |
| စက္ကူဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့်အသံသွင်းမီဒီယာပစ္စည်းများ ထုတ်လုပ်ခြင်း | ၅.၄ | ၆၄.၄ | ၈၆.၂ | ၇.၅ | ၁,၄၅၅ |
သီးခြားစစ်တမ်းများကို ကောက်ယူလေ့ရှိပါသည်။ ထို "Stovepipe Model" ပုံစံတွင် ကောင်းကျိုးများရှိသော်လည်း မကြာခဏဆိုသလို စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည့် ပြည့်စုံသောကိန်းဂဏန်း အချက်အလက်များအား ပိုမိုလိုလားသည့် အချက်အလက် အသုံးပြုသူများ၏ အမှန်တကယ်လိုအပ်ချက်များကိုမူ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိဖြစ်တတ်ပါသည်။[၁၅] ထို့ပြင်သာမက ကိန်းဂဏန်းအချက်အလက်များ အရေးတကြီးလိုအပ်နေသော ယခုလိုအချိန်ကာလမျိုးတွင် မြန်မာနိုင်ငံ၌ စီးပွားရေးကဏ္ဍတစ်ခုချင်းစီအတွက် စစ်တမ်းအသစ်များစွာကို လုပ်ဆောင်ခြင်းသည် ရွေးချယ်သင့်သည့် နည်းလမ်းတစ်ခုမဟုတ်ပါ။ အမျိုးသားအဆင့်ကို ကိုယ်စားပြုနိုင်ပြီး စိုက်ပျိုးရေးနှင့်ဘဏ္ဍာရေးကဏ္ဍများမှလွဲ၍ (ထိုကဏ္ဍများကိုဖယ်ချန်ထားခဲ့ခြင်းသည် နိုင်ငံတကာတွင်ဆောင်ရွက်သော ပုံစံတကျဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်းစစ်တမ်းများ၏ အသုံးများသော ကျင့်သုံးမှုတစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဏ္ဍများ၏ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပုံသည် အခြားသော စီးပွားရေးကဏ္ဍများနှင့် အခြေခံအားဖြင့်ကွာခြားပြီး သီးခြားကွဲပြားသည့် စစ်တမ်းကောက်ယူမှု နည်းလမ်းများနှင့် အထောက်အကူများကို အသုံးပြုမှသာ အကောင်းဆုံးလေ့လာဆန်းစစ်နိုင်မည်ဖြစ်သည်) စီးပွားရေးကဏ္ဍများအားလုံးကို လွှမ်းခြုံနိုင်သော တစ်ခုတည်းသောစစ်တမ်းကို ကောက်ယူရန် ဆုံးဖြတ်ခဲ့ပါသည်။[၁၆] ထို့ပြင်သာမက ပြည်သူပိုင်ကဏ္ဍ (သို့မဟုတ်) အစိုးရပိုင်လုပ်ငန်းများကိုလည်း စစ်တမ်းတွင်ထည့်သွင်းလေ့လာခြင်းမပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

## နမူနာစစ်တမ်းပုံစံ

မြန်မာနိုင်ငံတွင် ယခင်ကဆောင်ရွက်ခဲ့သည့် စီးပွားရေးလုပ်ငန်း စစ်တမ်းများအားလုံး၏ တူညီသောပြဿနာတစ်ခုမှာ ယုံကြည်အားထားနိုင်သော စီးပွားရေးလုပ်ငန်းများစာရင်း (ဥပမာ - ကုမ္ပဏီမှတ်ပုံတင်ဌာန သို့မဟုတ် အခွန်ကောက်ခံသည့်အာဏာပိုင်များထံမှ) သို့မဟုတ် ပြည့်စုံသော နမူနာစာရင်းစဉ် တစ်ခုအဖြစ် အသုံးပြုနိုင်သည့် စာရင်းအင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ မှတ်တမ်းမရှိခြင်းပင် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း (Establishment/ Enterprise) စစ်တမ်းများ၏ လွှမ်းခြုံနိုင်မှုနှင့် ကိုယ်စားပြုနိုင်မှုများအတွက် ထိုကဲ့သို့သောစာရင်းများကို များစွာမှီခို

---

[၁၅] UN (၂၀၁၃) - ပေါင်းစပ်စီးပွားရေးစာရင်းဇယားများဆိုင်ရာ လမ်းညွှန်များ (Guidelines on Integrated Economic Statistics) (ST/ESA/STAT/SER.F/108)

[၁၆] MBS သည် စက်မှုဇုန်များအတွင်းနှင့် ပြင်ပရှိစီးပွားရေးလုပ်ငန်းများအားလုံးကို လွှမ်းခြုံသည့်အတွက် CSO ၏ စက်မှုဇုန်စစ်တမ်းမှ လွှမ်းခြုံသည့် နယ်မြေဒေသများကို အဓိကလွှမ်းခြုံထားနိုင်သည့်အတွက် စက်မှုဇုန်စစ်တမ်းများကို နောင်တွင် ဆက်လက်ဆောင်ရွက်ရန် မလိုတော့ပါ။

အားထားကြရပါသည်။ မြန်မာနိုင်ငံတွင် ယခင်ကလုပ်ဆောင်ခဲ့သော စစ်တမ်းများသည် ၎င်းစိန်ခေါ်မှုအားဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးကို ရွေးချယ်အသုံးပြုခဲ့ပါသည်။ ဥပမာ - စီးပွားရေးကဏ္ဍကြီးသည် သေးငယ်သော်လည်း စီမံကိုင်တွယ်နိုင်သောအစုငယ်အဖြစ် စစ်တမ်းကောက်ယူမည့်ဦးရေအား ကန့်သတ်ကာ ဆောင်ရွက်ခြင်း (CSO မှဆောင်ရွက်သော စက်မှုဇုန်စစ်တမ်း)၊ စာရင်းအင်းပညာအရ ကိုယ်စားပြုနိုင်မှု အပြည့်အဝမရှိသော နမူနာအုပ်စုအား အလျဉ်းသင့်သလို ဖြစ်တန်စွမ်းဖြင့် ကျပန်းရွေးချယ်ခြင်း မဟုတ်သည့် နည်းလမ်းများ (Non-Probability Sampling Methods) ကို အသုံးပြုရွေးချယ်ခြင်း (OECD/ UNESCAP/ UMFCCI Myanmar Business Survey ၂၀၁၄)၊ လွှမ်းခြုံမှု အလွန်ကောင်းမွန်သော်လည်း အတိုင်းအတာ ကြီးမားစွာ ဆောင်ရွက်မည်ဆိုလျှင် ကုန်ကျစရိတ်ကြီးလွန်းသည့်အတွက် သေးငယ်သော နယ်မြေအကျယ်အဝန်းကိုသာ လွှမ်းခြုံနိုင်လေ့ရှိသည့် နယ်မြေဘောင်တစ်ခု တည်ဆောက်ကာ နမူနာအုပ်စု ရွေးချယ်သည့် နည်းလမ်းများ (Area - Frame Sampling Methods) ကို အသုံးပြုခြင်း (ကမ္ဘာ့ဘဏ်၏ Enterprise Survey ၂၀၁၄) သို့မဟုတ် စီးပွားရေးကဏ္ဍကြီး၏ သေးငယ်သောအစိတ်အပိုင်းကိုသာ လွှမ်းခြုံနိုင်ပြီး ကဏ္ဍတစ်ခုနှင့်တစ်ခု လွှမ်းခြုံနိုင်မှုများမှာလည်း အလွန်ကွာခြားလှသည့် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအမျိုးမျိုးနှင့် ၎င်းတို့၏ ဆက်စပ်အဖွဲ့အစည်းများမှ လက်ရှိစီးပွားရေးလုပ်ငန်းမှတ်ပုံတင်စာရင်းမျိုးစုံကို စုစည်းပေါင်းစပ်ရန် ကြိုးပမ်းခြင်း (UNDP/ PD တို့မှ ကောက်ယူခဲ့သော One-Pager Business Census ၂၀၁၃) တို့ဖြစ်ပါသည်။ သို့ရာတွင် ယခင်က အသုံးပြုခဲ့သော နည်းလမ်းများအနက် မည်သည့်နည်းလမ်းမျှ စီးပွားရေးကဏ္ဍများ အားလုံးကို နိုင်ငံနှင့်အဝှမ်း ခိုင်မာပြည့်စုံစွာ လွှမ်းခြုံနိုင်မှုမရှိခဲ့ပါ။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅)သည် ယခင်ကအသုံးပြုခဲ့သော နည်းလမ်းများနှင့်မတူညီပဲ ကွဲပြားသည့်နည်းလမ်းကို ရွေးချယ်ခဲ့ပါသည်။ စစ်တမ်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ရရှိသောစီးပွားရေးလုပ်ငန်းများစာရင်းကို နမူနာစာရင်းစဉ် (Sampling Frame) အဖြစ် အသုံးပြုခဲ့ပါသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် တစ်နှစ်လျှင်တစ်ကြိမ် မြို့နယ်အဆင့် ရုံးများအားလုံးသို့ သက်ဆိုင်ရာမြို့နယ်ရှိ စီးပွားရေးလုပ်ငန်းများအားလုံးစာရင်းကို ပြုစုပေးရန်နှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းကို ဆောင်ရွက်စေခဲ့ပါသည်။ တစ်မျက်နှာစာမေးခွန်းလွှာ အတိုတစ်ခုကိုပေးကာ စီးပွားရေးလုပ်ငန်းတစ်ခုမှ အလုပ်သမားအရေအတွက်၊ ကျား/မ ကန်ထရိုက်စာချုပ် အမျိုးအစားများနှင့် အခြားသောသတင်းအချက်အလက်အချို့အား မှတ်တမ်းတင်ပါသည်။ အနည်းဆုံးအလုပ်သမားတစ်ဦးငှားရမ်းအသုံးပြုသော လုပ်ငန်းများအားလုံးထိုစစ်တမ်း

တွင် ပါဝင်ရန်ဖြစ်ပါသည် (ဆိုလိုသည်မှာ ကိုယ်တိုင်လုပ်ကိုင်သော လုပ်ငန်းများနှင့် မိသားစု လုပ်ငန်းများမပါပါ)။ ထိုစစ်တမ်းအတွက် မြို့နယ်ရုံးဝန်ထမ်းများအား ရွေးချယ်ကာ အချိန်ပြည့် စစ်တမ်းကောက်ယူသူများအဖြစ် (၂) လခန့်တာဝန်ပေးပြီး ဆောင်ရွက်စေပါသည်။ ယေဘုယျအား ဖြင့် ထိုစစ်တမ်းကောက်ယူသူများသည် စီးပွားရေးလုပ်ငန်းများရှိသော သက်ဆိုင်ရာမြို့နယ်များ အားလုံးသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကာ မေးခွန်းလွှာကို မေးမြန်းဖြည့်စွက်ရပါသည်။ နောက်ဆုံးတွင် မေးခွန်းလွှာများမှ အချက်အလက်များကို စာရင်းအချုပ်စာအုပ်များထဲတွင် ရေး သွင်းကာ နေပြည်တော်သို့ ပေးပို့ရပါသည်။ နေပြည်တော်တွင် စာရင်းစာအုပ်များကို သိုလှောင် သိမ်းဆည်းထားပြီး ၂၀၁၄ ခုနှစ် စာရင်းများကို ကွန်ပျူတာတွင်လည်း စာရင်းသွင်းထားပြီးဖြစ် ပါသည်။

ထို့ကြောင့်စာရင်းပြုစုမှုသည်မူအားဖြင့်နိုင်ငံတွင်းရှိအနည်းဆုံးအလုပ်သမားတစ်ဦးငှားရမ်း လုပ်ကိုင်နေသော တရားဝင်နှင့် အလွတ်သဘော လုပ်ငန်းများအားလုံးကို အပြည့်အစုံမှတ်တမ်း တင်ထားပြီးစံနမူနာယူထားသောစီးပွားရေးစစ်တမ်းတစ်ခုအတွက် အကောင်းဆုံးနမူနာ ရွေးချယ် မှုဘောင်တစ်ခုလည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း အဆိုပါစာရင်းကောက်ယူမှု လုပ်ငန်း၏ အရည်အသွေးထိန်းချုပ်မှုမှာအတန်အသင့်အားနည်းမှုရှိခဲ့ပါသည်။ထို့ကြောင့်အချို့နေရာများတွင် စာရင်းများသည် ရှေ့နှစ်များမှ “ကူးယူ” ထားခြင်းသာဖြစ်ပြီး လိပ်စာများမှာ ပြည့်စုံမှုမရှိသဖြင့် တစ်ခါတစ်ရံ စာရင်းထဲတွင်ပါရှိသည့် စီးပွားရေးလုပ်ငန်းများ၏ တည်ရှိရာနေရာကို ရှာဖွေ မတွေ့ခြင်းများ ဖြစ်ခဲ့ပါသည် (ယေဘုယျအားဖြင့် နမူနာအုပ်စုတွင်းမှ စီးပွားရေးလုပ်ငန်းများ၏ ၁၀ % ခန့်သည် လည်ပတ်မှုမရှိ / ပိတ်သိမ်းပြီးဖြစ်ကြောင်း တွေ့ရှိရပြီး နောက်ထပ် ၁၃ % မှာ လိပ်စာအပြည့်အစုံမပါရှိသဖြင့် ရှာမတွေ့ခဲ့ပါ)။ ထိုသို့သော အချက်များရှိသော်လည်း ဤစာရင်း သည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိအပြည့်စုံဆုံးဖြစ်သည့် တစ်ခုတည်းသော စီးပွားရေးလုပ်ငန်း များစာရင်းဖြစ်ပြီး ယင်းအချက်အား စစ်တမ်းပြီးဆုံးသည့်နောက် ဆောင်ရွက်ခဲ့သော လွှမ်းခြုံမှု အား ပြန်လည်လေ့လာဆန်းစစ်၍ အတည်ပြုခဲ့ရာ အောက်တွင်အကျဉ်းချုပ် ဖော်ပြပေးထားပါ သည်။

စာရင်းအား နမူနာစာရင်းစဉ်တစ်ခုအဖြစ် အသုံးပြုသောအခါ ပထမအဆင့်အနေဖြင့် စိုက် ပျိုးရေးနှင့် ဘဏ္ဍာရေးကဏ္ဍများမှ စီးပွားရေးလုပ်ငန်းများအားလုံးနှင့် ပြည်သူပိုင် (သို့မဟုတ်) နိုင်ငံပိုင်လုပ်ငန်းများကို စာရင်းမှဖယ်ရှားခဲ့ပါသည်။ ထို့အပြင် တည်နေရာအားဖြင့် နိုင်ငံရေး ပဋိပက္ခ (သို့မဟုတ်) သဘာဝ ဘေးအန္တရာယ်များကြောင့် လုံခြုံမှုမရှိခြင်း၊ သွားရောက်ရန် မလွယ်

ကူဟုယူဆသဖြင့် စီးပွားရေးလုပ်ငန်း အချို့ကိုလည်း စာရင်းမှဖယ်ထားခဲ့ရပါသည် (သို့သော် ယင်းသို့သောလုပ်ငန်းများမှာ နမူနာစာရင်းစဉ်၏ ၄ % အောက်သာရှိပါသည်)။ နောက်ဆုံးရလဒ် အနေဖြင့် စစ်တမ်းကောက်ယူမည့် လုပ်ငန်းများအဖြစ် အရည်အသွေးပြည့်မီသည့် လုပ်ငန်းပေါင်း ၁၃၅,၃၂၄ ခုပါဝင်သောစာရင်းတစ်ခုထွက်လာပါသည်။ ထိုလုပ်ငန်းများအား စီးပွားရေးနယ်ပယ် (Economic Domain) အလိုက်[၁၇]၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ အလုပ်သမားဦးရေ အရွယ်အစား(Class Size) အလိုက်[၁၈] အလွှာများ(Strata) ခွဲယူပါသည်။ ဤကဲ့သို့သော စစ်တမ်း အမျိုးအစားများတွင် ပြုလုပ်နေကျအတိုင်း အရွယ်အစားကြီးမားသော စီးပွားရေးလုပ်ငန်းများ (အလုပ်သမားဦးရေအရွယ်အစား ၃) ပါဝင်သည့် အလွှာများအားလုံးကို မိမိကိုယ်တိုင်ကိုယ်စားပြု နိုင်သည့် (Self-Representing)ဟု မှတ်ယူစဉ်းစားသဖြင့် စာရင်းထဲတွင် ပါဝင်သော ထိုလုပ်ငန်း ကြီးများအားလုံး (Complete Enumeration) ကို စစ်တမ်းကောက်ယူပါသည်။ ထို့မျှသာမက အရွယ်အစား သေးငယ်သော နယ်ပယ်များနှင့် သတ်မှတ်အရွယ်အစား မပြည့်မီသောအလွှာများ[၁၉] ကိုလည်း မိမိကိုယ်တိုင်ကိုယ်စားပြုနိုင်သည်ဟု မှတ်ယူပါသည်။ ကျန်ရှိသော နမူနာအုပ်စုများအား ကျန်ရှိသည့် မိမိကိုယ်တိုင် ကိုယ်စားပြုနိုင်ခြင်းမရှိသည့် အလွှာများ (Non Self-Representing Strata)ထဲသို့ အညီအမျှ ထည့်သွင်းပြီး စီးပွားရေးလုပ်ငန်းများအား သာမန်ကျပန်းနမူနာကောက် နည်းလမ်း(Simple Random Sampling)ဖြင့် ရွေးချယ်ခဲ့ပါသည်။မိမိကိုယ်တိုင်ကိုယ်စားပြုနိုင် ခြင်းမရှိသည့် အလွှာများအတွက် အစားထိုးနမူနာများ (Replacements) ကိုလည်း အလျဉ်းသင့် သလိုကျပန်းရွေးချယ်ပါသည်။ နမူနာအုပ်စုဒီဇိုင်းတွင် အစုအဖွဲ့များဖွဲ့ခြင်း(Clustering)ကို အသုံး မပြုသဖြင့် အလွှာလိုက်ခွဲထားသော အလျဉ်းသင့်သလို ကျပန်းရွေးချယ်ထားသည့် အလွှာခွဲကျပမ်း နမူနာ (Stratified Random Sample) ကို ရရှိစေပါသည်။

မူလအုပ်စုကြီးတစ်ခုလုံးအတွက် နမူနာအုပ်စုမှ ကောက်ချက်များဆွဲနိုင်စေရန် အလွှာတစ်ခု ချင်းစီရှိ ရွေးချယ်ခံရနိုင်ခြေ (Probability of Selection) အပိုင်းကိန်းအား ပြောင်းပြန်လှန်ကာ အချိုးကျ ကိုယ်စားပြုပါဝင်မှုကို သေချာစေသည့် Base Weight များကို တွက်ချက်ပါသည်။

---

[၁၇] နယ်ပယ်များ (Domains) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အသေးစိတ်အား အောက်ပါအပိုင်းတွင်ကြည့်ပါ။

[၁၈] အလုပ်သမားဦးရေအရွယ်အစားသုံးမျိုးမှာ - အလုပ်သမား ၀- ၃ ဦး၊ ၄ - ၁၉ ဦးနှင့် ၂၀ ဦးနှင့်အထက်ဖြစ်ပါသည်။

[၁၉] အလုပ်သမားဦးရေ အရွယ်အစား (Size Class) ၁ နှင့် ၂ မှ သတ်မှတ်အရွယ်အစား မပြည့်မီသော အလွှာများအား တူညီသည့် နယ်ပယ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ သက်ဆိုင်ရာ အခြား (Size Class) (၁ သို့မဟုတ် ၂) မှ ကပ်လျက်အလွှာများနှင့် ပေါင်းစပ်ပါသည်။ ထို့သို့ ပေါင်းစပ်ပြီးသည့်တိုင်အောင် အရွယ်အစားမှာ လုံလောက်မှုမရှိသေးဟု ဆိုမှသာလျှင် သတ်မှတ်အရွယ်အစားမပြည့်မီသည့် အလွှာ များဟု မှတ်ယူ စဉ်းစားပါသည်။

အချက်အလက်များ ကောက်ခံပြီးနောက်တွင် တုံ့ပြန်ဖြေကြားခြင်းမရှိမှုများ (Standard Weight Adjustment Cell Approach နည်းလမ်းကို အသုံးပြုခြင်းဖြင့်[၂၀]) နှင့် အရည်အချင်းမပြည့်မီသောနမူနာအုပ်စုယူနစ်များကို ဖယ်ရှားရခြင်းများအတွက် Base Weight များကို ညှိနှိုင်းရပါသည်။[၂၁] ရလဒ်အနေဖြင့် စစ်တမ်း၏ နမူနာအုပ်စုဖြစ်သည့် စီးပွားရေးလုပ်ငန်းပေါင်း ၁၄,၃၃၁[၂၂] သည် ယခုအခါ စီးပွားရေးလုပ်ငန်းပေါင်း ၁၂၆,၉၂၈ ကို ကိုယ်စားပြု နိုင်ပါသည်။[၂၃]

## အချိန်ကာလသတ်မှတ်ချက်နှင့် ဝန်ထမ်းအင်အား

မြန်မာနိုင်ငံတွင် ကိန်းဂဏန်းအချက်အလက်များကို အရေးတကြီးလိုအပ်သောနေရာအထူးသဖြင့် အမျိုးသားစာရင်းစနစ်အတွက် အချက်အလက်များ စုဆောင်းနိုင်ရန် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅) ကို တိုတောင်းသော အချိန်ကာလသတ်မှတ်ချက်တစ်ခုအတွင်း ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းအတွက်ပြင်ဆင်မှုများအား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် စတင်ခဲ့ပြီး ဗဟိုစာရင်းအင်းအဖွဲ့ (CSO) စစ်တမ်းဌာနစိတ်မှ ဝန်ထမ်းများ၊ UNDP နှင့် ISTAT မှ နည်းပညာကျွမ်းကျင်သူများက ပံ့ပိုးကူညီပေးခဲ့ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အချက်အလက်များ ကွင်းဆင်းကောက်ယူမှုအား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်အထိ ဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်းစစ်တမ်း ကောက်ယူမှုလုပ်ငန်းအား ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများမှ စစ်တမ်းကွင်းဆင်း ကောက်ယူသူ ၂၅၀ ဦးနှင့် ကြီးကြပ်သူ ၆၀ ဦးတို့မှ ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် အဖွဲ့ဝင် ၂၀ ဦး ပါဝင်သော အရည်အသွေးထိန်းချုပ်ရေးအဖွဲ့မှလည်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းနှင့် အောင်မြင်စွာ တွေ့ဆုံမေးမြန်းနိုင်ခဲ့သောစီးပွားရေးလုပ်ငန်းများ၏ ၉% ခန့်ထံသို့ ထပ်မံသွားရောက်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ အချက်အလက်ဖြည့်သွင်းမှုအား ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

---

[၂၀] Weight ကို ညှိနှိုင်းသောဆဲလ်များ (Weight Adjustment Cells) အား တိုင်းဒေသကြီး/ပြည်နယ်နှင့် မူရင်း (နမူနာရွေးချယ်မှုဘောင်ကို အခြေခံသော) အလုပ်သမားဦးရေအရွယ်အစား (Size Class) ဖြင့် ဖွဲ့စည်းပါသည်။

[၂၁] ထိုမျှသာမက နောက်ဆုံးကိန်းဂဏန်းအချက်အလက်များတွင် ကွဲလွဲချက် ခန့်မှန်းမှု (Variance Estimation) ကို အထောက်အကူပြုရန်အတွက် ယူနစ်တစ်ခုတည်းသာ ပါဝင်သော အလွှာများအား နီးစပ်ရာအလွှာများနှင့် ပေါင်းစပ်/အုပ်စုဖွဲ့လိုက်ပါသည်။

[၂၂] နောက်ဆုံးရရှိသောနမူနာအုပ်စုသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် အောက်ပါအတိုင်းခွဲဖြန့်တည်ရှိနေပါသည်။ ကချင်ပြည်နယ် - ၆၄၁၊ ကယားပြည်နယ် - ၃၇၃၊ ကရင်ပြည်နယ် - ၆၀၅၊ ချင်းပြည်နယ် - ၂၆၀၊ စစ်ကိုင်းတိုင်းဒေသကြီး - ၁၀၉၂၊ တနင်္သာရီတိုင်းဒေသကြီး- ၁၂၈၈၊ ပဲခူးတိုင်းဒေသကြီး - ၉၅၈၊ မကွေးတိုင်းဒေသကြီး - ၉၅၁၊ မန္တလေးတိုင်းဒေသကြီး - ၁၅၃၉၊ မွန်ပြည်နယ် - ၈၇၅၊ ရခိုင်ပြည်နယ် - ၇၄၃၊ ရန်ကုန်တိုင်းဒေသကြီး - ၂၄၃၃၊ ရှမ်းပြည်နယ် - ၁၁၅၇၊ ဧရာဝတီတိုင်းဒေသကြီး - ၈၉၆၊ နေပြည်တော် - ၅၂၀ တို့ဖြစ်ပါသည်။

[၂၃] ဤအစီရင်ခံစာ၏ ဇယားများအားလုံးတွင် တွေ့ရှိရသည့် စုစုပေါင်းအရေအတွက်မှာ ၁၂၆၉၂၈ ဖြစ်ပြီး ယင်းမှာရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း စိတ်ဖြာလေ့လာသည့်အဆင့်တွင် ဆက်သွယ်ရေးကဏ္ဍအားဖယ်ထုတ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ရှိ ဝန်ထမ်း ၆၉ ဦးမှ ကွင်းဆင်းစစ်တမ်း ကောက်ယူခြင်းနှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ခုနှစ် ဇန်နဝါရီလလယ်တွင် ပြီးစီးခဲ့ပါသည်။ အချက်အလက်ဆန်းစစ်လေ့လာမှုနှင့် အစီရင်ခံစာ ပြုစုမှုများကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်း ၈ ဦး ပါဝင်လုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြီးစီးခဲ့ပါသည်။

**ဆန်းစစ်လေ့လာရန် နယ်ပယ်များ (Analysis Domains)**

အထက်ပါ နမူနာအုပ်စုရွေးချယ်မှုအပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အရေအတွက်ဆိုင်ရာ စစ်တမ်းများအားလုံးသည် နောက်ပိုင်းတွင်ပြုလုပ်မည့် ဆန်းစစ်လေ့လာမှုအတွက် အသုံးပြုရမည့် သီးခြားခွဲထုတ်ထားသောအုပ်စုများ (Disaggregations)/ဆန်းစစ်လေ့လာရန် နယ်ပယ်များ (Analysis Domains)ကို ၎င်းတို့အား ဒီဇိုင်းရေးဆွဲသည့် အဆင့်ကတည်းက ဆုံးဖြတ်သတ်မှတ်ထားရန် လိုအပ်ပါသည်။ သို့မှသာ နယ်ပယ်တစ်ခုချင်းစီတွင် လုံလောက်သော အရွယ်အစားရှိသည့် နမူနာအုပ်စုကို ရွေးချယ် နေရာချထားပေးနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နယ်ပယ်များ (Domains) သည် စစ်တမ်းတစ်ခု၏ နမူနာအုပ်စု ရွေးချယ်မှုနှင့် ဆန်းစစ်လေ့လာမှုနှစ်ခုစလုံးအတွက် စနစ်တကျဖွဲ့စည်းထားသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းတွင် အသုံးပြုသည့်နယ်ပယ်များ (Domains) (သို့မဟုတ် ဤအစီရင်ခံစာ၏ အဓိကစာကိုယ်ထဲတွင် ခေါ်ဝေါ်သုံးနှုန်းသည့်အတိုင်းဆိုလျှင် "စီးပွားရေးကဏ္ဍကြီး၏ အစိတ်အပိုင်းငယ်များ") အား အမျိုးသားစာရင်းစနစ် (SNA) အချက်အလက် အစီရင်ခံစာအတွက် ထောက်ခံအကြံပြုထားသော "A*38" စံအစု (Standard Aggregation) ပေါ်တွင် အခြေခံကာ သေးငယ်သောပြုပြင်ဖြည့်စွက်မှုအချို့ပြုလုပ်၍ သတ်မှတ်ဖွဲ့စည်းခဲ့ပါသည်။[၂၄] A*38 အုပ်စုများ ထဲမှ (၅)စုမှာ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းတွင် အကျုံးမဝင်ပါ (အုပ်စု A, K, O, T, U)။ ထို့မျှသာမက A*38 အုပ်စု များဖြစ်သည့် MA/ MB/ MC တို့အား အတူတကွစုပေါင်းကာ M ဟုသာ သတ်မှတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် ထိုကဲ့သို့သောလုပ်ငန်းများကို လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်း အရေအတွက်မှာ အလွန်နည်းပါးသောကြောင့် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် အုပ်စု (G, I, CC နှင့် CM) တို့ အား မြန်မာ့စီးပွားရေးကဏ္ဍတွင် ၎င်းတို့၏ လွှမ်းမိုးနိုင်မှုနှင့် အရေးပါမှုတို့အရ အုပ်စုငယ်များ ထပ်မံခွဲစိတ် ဖွဲ့စည်းခဲ့ပါသည်။

[၂၄] ISIC Rev.4 လက်စွဲ၊ စာမျက်နှာ ၂၇၄-၂၇၆ ကို ကြည့်ပါ။

**မေးခွန်းလွှာဒီဇိုင်း**

မေးခွန်းလွှာနှင့် တွေ့ဆုံမေးမြန်းသူလက်စွဲတို့၏ ဒီဇိုင်းပုံစံသည် လက်ရှိဗဟိုစာရင်းအင်းအဖွဲ့မှကောက်ယူသော စက်မှုဇုန်စစ်တမ်း၏ အတွေ့အကြုံများကိုသာမက ပုံစံတကျ ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းစာရင်းအင်းများနှင့်စီးပွားရေးစစ်တမ်းများဆိုင်ရာနိုင်ငံတကာမှလုပ်ထုံးလုပ်နည်းများကိုအခြေခံကာပြုစုထားခြင်းဖြစ်ပါသည်။ စစ်တမ်းမေးခွန်းလွှာအား ဤအစီရင်ခံစာ၏နောက်ဆက်တွဲ(ဂ)တွင် ဖော်ပြထားပါသည်။ ထိုမေးခွန်းလွှာတွင် အောက်ဖော်ပြပါအဓိကအပိုင်းများပါဝင်ပါသည်။

- စီးပွားရေးလုပ်ငန်းများ၏ အခြေခံသတင်း အချက်အလက်များ (ဥပမာ - သက်တမ်း၊ မှတ်ပုံတင်ထားရှိမှုအခြေအနေ၊ စက်မှုဇုန်အတွင်းတည်ရှိမှု၊ ပိုင်ဆိုင်မှုအမျိုးအစား အစရှိသဖြင့်)
- ဝင်ငွေ (ကုန်ထုတ်လုပ်သည့် လုပ်ငန်းမှဝင်ငွေနှင့် ကုန်ထုတ်လုပ်မှုမရှိသည့် လုပ်ငန်းမှဝင်ငွေအမျိုးအစားများ ခွဲခြားထားသည်။)
- ကုန်ကျစရိတ်များ (ဝန်ထမ်းများ၊ ကုန်ထုတ်လုပ်ရန် အသုံးပြုသော ကုန်ပစ္စည်းများနှင့် အခြားသော ကုန်ကျစရိတ် အမျိုးအစားအမျိုးမျိုး ပါဝင်ပါသည်။)
- ကုန်လက်ကျန်များ (Inventories)(ကုန်ပစ္စည်း အမျိုးအစားများအလိုက်ခွဲခြားထားခြင်း)
- ပိုင်ဆိုင်မှုပစ္စည်းများ (Assets)

ဤစစ်တမ်းအမျိုးအစားတွင် အချက်အလက်ကောက်ယူမှုအား နိုင်ငံတကာရှိ ကုန်ထွက်အဆင့်(Product Level) တွင် ဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ် ဆောင်ရွက်ကြပါသည် (ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေကိုသာ စုစုပေါင်းတန်ဖိုးများအဖြစ် မှတ်တမ်းတင်မည် သို့မဟုတ် ရောင်းချသော သီးခြားထုတ်ကုန် ပစ္စည်းများကို စာရင်းပြုစုမည်ဆိုသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်)။ ကုန်ထွက်အဆင့်တွင် အချက်အလက်များကို စုဆောင်းခြင်းသည် လုပ်သားအင်အားများစွာ ပိုမိုသုံးစွဲရမည်ဆိုသည်မှာ သိသာထင်ရှားသည့် အချက် ဖြစ်ပါသည်။ ထုတ်ကုန်ပစ္စည်းများ အားလုံးကို ကုန်ပစ္စည်းများ၏ စံအုပ်စုများ အသုံးပြုကာ အုပ်စုခွဲပြီး ကုဒ်နံပါတ်များ သတ်မှတ်ပေးရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကိန်းဂဏန်းအချက်အလက်များကို ဖြည့်သွင်းရာ၌လည်း များစွာပိုမိုအားထုတ် လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ထို့ပြင်သာမက ကုန်ထွက်အဆင့်မှ ကိန်းဂဏန်းအချက်အလက်များ၏ အားထားယုံကြည်နိုင်မှုသည် နိုင်ငံအများအပြားတွင် အတန်အသင့် နည်းပါးသည်ကိုလည်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းတစ်ခု၏ နမူနာအုပ်စု ရွေးချယ်မှု နည်းစနစ်များသည်

ကုန်ထွက်အဆင့် စုပေါင်းစာရင်းအင်းများအတွက် ကြိုတင်ဖြည့်ဆည်း ပေးထားရမည့် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအများအပြားသည် ထုတ်ကုန်ပစ္စည်းဆိုင်ရာ စာရင်းအင်းများအတွက် သီးခြားကုန်ထွက်အဆင့် စစ်တမ်းတစ်ခုကို လုပ်ဆောင်ကြပါသည်။ သို့မဟုတ် စီးပွားရေးလုပ်ငန်းအဆင့်တွင် စုစုပေါင်းတန်ဖိုးများထဲသို့ စံထုတ်ကုန်ပစ္စည်း အချက်အလက်များကို ထည့်သွင်းအသုံးပြုကြပါသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် လက်ခံနိုင်ဖွယ်ရလဒ်များ ထွက်ပေါ်လာအောင် ပြုလုပ်ပေးနိုင်မည်ဟု ယူဆရပါသည်။ ထို့မှုမက မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းသည် ကုန်ထွက်အဆင့်တွင် ကိန်းဂဏန်းအချက်အလက်များကို ကောက်ယူခဲ့ခြင်းမရှိပါ။ စာရင်းပြုစုထားသော ကုန်ထွက်အမျိုးအမည်များအတွက် စာရင်းကောက်သူများသည် စုစုပေါင်းတန်ဖိုးကို တွက်ချက်ဖော်ပြနိုင်ရန် အဓိကရွေးချယ်ပိုင်ခွင့်နေရာအဖြစ် မေးခွန်းလွှာရှိ နေရာများ (Fields) တွင် သတ်မှတ်ဖော်ပြရန် ဖြစ်ပြီး၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအနေဖြင့် တန်ဖိုးစုစုပေါင်းကိုလည်း အကွက်ဖြင့်ပြထားသောနေရာများ (Boxed Fields) တွင် ထည့်သွင်းရန် ဖြစ်ပါသည်။

**အချက်အလက်ဖြည့်သွင်းခြင်း**

UNDP ၏ နည်းပညာအကူအညီဖြင့် ဗဟိုစာရင်းအင်းအဖွဲ့၏ ကွန်ပျူတာဌာနစိတ်မှ အချက်အလက်များ ဖြည့်သွင်းသည့်စနစ်အား တည်ထောင်ကာ စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုစနစ်တွင် ကွင်းဆင်းဆောင်ရွက်မှုမှ မေးခွန်းလွှာများကို လက်ခံရယူခြင်းဖြင့် အချက်အလက်အစု (Dataset) အား Stata Software ကိုအသုံးပြု၍ နောက်ဆုံးထည့်သွင်းသည်အထိ အနီးကပ်ထိန်းချုပ်ကာ မှတ်တမ်းတင် ဆောင်ရွက်နေသော ပတ်ဝန်းကျင်တစ်ခုဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။အဓိကအချက်အလက် ဖြည့်သွင်းမှု ဆော့ဖ်ဝဲအား CSPro 6.1 ကို အသုံးပြုကာရေးဆွဲခဲ့ပြီး ဖိုင်များကို အလိုအလျောက် လွှဲပြောင်းပေးပို့ရန်အတွက် ကွန်ရက်အပြည့်အဝချိတ်ဆက်ထားသော ဝန်းကျင်တွင် စစ်ဆေးမှုနှင့် ထိန်းချုပ်မှုများ အားလုံးပါဝင်သည့် နှစ်ကြိမ်ဖြည့်သွင်းသောစနစ် (Double - Entry System) ပေါ်တွင် အခြေခံထားပါသည်။

အချက်အလက်ဖြည့်သွင်းသည့် ဝန်ထမ်းများအား ကြီးကြပ်သူများ(Supervisors)၊ စစ်ဆေးသူများ (Checkers)နှင့် စက်ကိုင်သူများ (Operators) ဟု ခွဲခြားထားပြီး ထိုဝန်ထမ်းများအားလုံးတွင် ရှင်းလင်းတိကျစွာ လုပ်ဆောင်ရမည့် လုပ်ငန်းအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများရှိကြပါသည်။ အဓိကကျသည့် အချက်အလက်ဖြည့်သွင်းမှု လုပ်ငန်းစဉ်များအား အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြနိုင်ပါသည်။

ကွင်းဆင်းစစ်တမ်းကောက်ယူသည့်နေရာမှ မေးခွန်းလွှာများ ရောက်ရှိခြင်း

⇩

စစ်ဆေးသူမှ မေးခွန်းလွှာအုပ်စု (Group of Questionnaires - GQ) ကို ဖန်တီးပြုလုပ်ခြင်း

⇩

GQ အား ကြီးကြပ်သူမှ စနစ်ထဲတွင် မှတ်ပုံတင်စာရင်းသွင်းကာ စက်ကိုင်သူတစ်ဦးအား အဓိက (ပထမ) အချက်အလက်ဖြည့်သွင်းမှုအတွက် တာဝန်ပေးအပ်ခြင်း

⇩

အဓိက (ပထမအကြိမ်) အချက်အလက်ဖြည့်သွင်းမှုအတွက် စက်ကိုင်သူမှ GQ အား ကွန်ပျူတာတွင်ထည့်သွင်းခြင်း

⇩

အဓိက (ပထမအကြိမ်) ဖြည့်သွင်းမှုအား ကြီးကြပ်သူမှ တည်ဆောက်ပုံအရ စစ်ဆေးအတည်ပြုပေးပြီး စက်ကိုင်သူတစ်ဦးအား စစ်ဆေးအတည်ပြုထားသည့် (ဒုတိယအကြိမ်) အချက်အလက်ဖြည့်သွင်းရန်အတွက် တာဝန်ပေးအပ်ခြင်း

⇩

စစ်ဆေးအတည်ပြု (ဒုတိယအကြိမ်) ပြီးသည့် အချက်အလက်ဖြည့်သွင်းရန်အတွက် စက်ကိုင်သူမှ GQ အား ကွန်ပျူတာထဲရိုက်သွင်းခြင်း

⇩

ကြီးကြပ်သူမှ GQ အတွက် ရှေ့နောက်မညီညွတ်မှုများကို စစ်ဆေးပြီး အစီရင်ခံစာကို ပရင့်ထုတ်ခြင်း

⇩

စစ်ဆေးသူမှ GQ အား ပြန်လည်သုံးသပ်လေ့လာကာ ရှေ့နောက်မညီညွတ်မှုကို အစီရင်ခံစာပေါ်တွင် မှန်ကန်သော/မမှန်ကန်သော အဖြေများကို အမှတ်အသားပြုလုပ်ခြင်း

⇩

စက်ကိုင်သူနှစ်ဦးစလုံး (ပထမအကြိမ်နှင့် ဒုတိယအကြိမ် အချက်အလက်ဖြည့်သွင်းသူ) က ၎င်းတို့၏ ကွန်ပျူတာအသီးသီးတွင် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ခြင်း

⇩

ကြီးကြပ်သူမှ GQ အတွက် ရှေ့နောက်မညီညွတ်မှုများကို နောက်တစ်ကြိမ် ထပ်မံစစ်ဆေးပြီး GQ အား နောက်ဆုံးအနေဖြင့် အတည်ပြုခြင်း

⇩

GQ အား Archive Shelving တွင် သိမ်းဆည်းခြင်း

အချက်အလက်ဖြည့်သွင်းမှုဆိုင်ရာ အသေးစိတ်အစီရင်ခံစာအား တောင်းဆိုမည်ဆိုလျှင် ရရှိနိုင်ပါသည်။

## အချက်အလက် ပြင်ဆင်တည်းဖြတ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း

အချက်အလက် ပြင်ဆင်တည်းဖြတ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းအား Stata ဖြင့် လုပ်ဆောင်ပါသည်။ အချက်အလက် ပြင်ဆင်တည်းဖြတ်ခြင်းတွင် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စစ်ဆေးမှုများ (ဥပမာ - ယေဘုယျပြည့်စုံမှုနှင့် Duplicate Identifiers)၊ ကိန်းရှင်များ (Variables) အားလုံးအတွက် အခြေခံစစ်ဆေးမှုများ (Range Checks, စသည်)၊ ပိုမိုကျယ်ပြန့်သော ရှေ့နောက်ညီညွတ်မှုကို စစ်ဆေးခြင်း (အထူးသဖြင့် မေးခွန်းလွှာလမ်းကြောင်းရှိ ရှေ့နောက်ညီညွတ်မှုနှင့် စပ်လျဉ်း၍)နှင့် ပုံမှန်တန်ဖိုးများမှ များစွာဝေးကွာနေသော တွေ့ရှိချက်များ (Outlier) စစ်ဆေးခြင်းတို့ပါဝင်ပါသည်။ Stata တွင်ပါရှိသော ပုံမှန်လုပ်ဆောင်နေကျ အချက်အလက် ပြင်ဆင်တည်းဖြတ်ခြင်းအပြင် လူအားဖြင့် စစ်ဆေးမှုအချို့ (အထူးသဖြင့် Dentifiers၊ MSIC Codes နှင့် Select Outliers များကိုစစ်ဆေးခြင်း)ကိုလည်းပြုလုပ်ပါသည်။ အချက်အလက်များအားပြင်ဆင်တည်းဖြတ်မှုအားလုံးကို မှတ်တမ်းတင်ထားသည့် အချက်အလက်သန့်စင်မှု အသေးစိတ်အစီရင်ခံစာတစ်စောင်အား တောင်းဆိုမည်ဆိုပါက ရရှိနိုင်ပါသည်။

အချက်အလက်ဆန်းစစ် လေ့လာမှုအဆင့်တွင် ထွက်ပေါ်လာသော သရုပ်ဖော်စာရင်းအင်းများ (Descriptive Statistics) သည် ဇယားပြုစုခြင်းအစီအစဉ် (Tabulation Plan) ပေါ်တွင် အခြေခံပြီး ဆန်းစစ်လေ့လာမှုအဆင့် မစတင်မီ ထိုအစီအစဉ်အား အဓိကပါဝင်ပတ်သက်သူများအကြား သုံးသပ်လေ့လာရန်နှင့် မှတ်ချက်များပေးရန် ဖြန့်ဝေပေးပါသည်။ Stata ၏ Tabout Command ဖြင့်ဇယားများကို ထုတ်ကာ Excel ဖြင့် ဆက်လက်စီမံ ဆောင်ရွက်ပါသည်။ ဂရပ်ပုံများကိုလည်း Excel ဖြင့် ပြုစုပါသည်။

## လွှမ်းခြုံမှုအား ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း၏ ပြည့်စုံမှု/လွှမ်းခြုံနိုင်မှုအတွက် စိတ်ချယုံကြည်လောက်သော စံအမှတ်များ မရှိသည့်အတွက် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅)၏ လွှမ်းခြုံမှုအား ပြည့်စုံစွာလေ့လာအကဲဖြတ်ရန်မဖြစ်နိုင်ပါ။ အထက်ပါ နမူနာအုပ်စု ရွေးချယ်မှုအပိုင်းတွင် ဖော်ပြခဲ့သည့် နမူနာအုပ်စုရွေးချယ်မှုဘောင်၏ အချက်အလက်များကြောင့် ဤစစ်တမ်းသည် အနည်းဆုံး အလုပ်သမားတစ်ဦး ငှားရမ်းလုပ်ကိုင်နေသော လုပ်ငန်း

များကိုသာ ကိုယ်စားပြုသောကြောင့် ကိုယ်တိုင်လုပ်ကိုင်သော လုပ်ငန်းများနှင့် မိသားစုလုပ်ငန်းများ မပါဝင်ကြောင်း သိရှိရပါသည်။ အနည်းဆုံးအနေဖြင့် ကျန်ရှိသောစီးပွားရေးလုပ်ငန်းများအတွက် လွှမ်းခြုံနိုင်မှုအား အခြားသောစစ်တမ်းနှစ်ခု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများနှင့် နှိုင်းယှဉ်ကာ အကဲဖြတ်လေ့လာမှု တစ်စိတ်တစ်ပိုင်းကို လုပ်ဆောင်နိုင်ပါသည်။[၂၅]

- **စံအမှတ် ၁**- စက်မှုဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုသာ လွှမ်းခြုံလေ့လာခဲ့သော ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၄ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သည့် စက်မှုဇုန်စစ်တမ်းအား မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း(၂၀၁၅)၏ စက်မှုဇုန်များတွင်တည်ရှိသော လုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ စက်မှုဇုန်စစ်တမ်းတွင် စီးပွားရေးလုပ်ငန်းစုစုပေါင်း ၆,၉၃၀ ကိုတွေ့ရှိခဲ့ပါသည်။ ဤသည်ကို မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှ လေ့လာခဲ့သည့် ခန့်မှန်းခြေလုပ်ငန်းအရေအတွက် ၇,၅၉၃ နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ သို့သော် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှ လုပ်ငန်းအရေအတွက်တွင် စက်မှုဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှုမရှိသည့် လုပ်ငန်းများလည်း ပါဝင်ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း၏ ခန့်မှန်းချက်အရ စက်မှုဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှု လုပ်ငန်းများမှာ ၅,၀၃၆ သာရှိပါသည်။ သို့သော် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းမှ လုပ်ငန်းအရေအတွက် ပိုမိုနည်းပါးနေရခြင်းသည် နမူနာစာရင်းစဉ်၏ လွှမ်းခြုံနိုင်မှု အားနည်းခြင်း (သို့မဟုတ်) စက်မှုဇုန်စစ်တမ်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သဖြင့် လုပ်ငန်းများ ပိတ်သိမ်းခြင်း (သို့မဟုတ်) ယာယီရပ်ဆိုင်းခြင်းများ ဖြစ်နိုင်သဖြင့် စက်မှုဇုန်အတွင်းရှိ လုပ်ငန်းအရေအတွက်မှာ ကွာခြားနေခြင်း ဖြစ်နိုင်ပါသည်။
- **စံအမှတ် ၂** - UNDP/PD မှ ဆောင်ရွက်ခဲ့သော မှတ်ပုံတင်ထားသည့် လုပ်ငန်းများကိုသာ လွှမ်းခြုံ လေ့လာခဲ့သည့် "One-Pager Business Census" (OPBC) – OPBC သည် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုနယ်ပယ်များတွင် လုံလောက်စွာလွှမ်းခြုံနိုင်မှုမရှိသည်မှာသိသာထင်ရှားနေသဖြင့် ယင်းအား မှတ်ပုံတင်ထားသော ကုန်ထုတ်လုပ်မှုကုမ္ပဏီများ (ဆောက်လုပ်ရေးနှင့် သတ္တုတွင်းတူးခြင်း/ ကျောက်တူးခြင်းများမပါ)နှင့်သာ စံအမှတ်အဖြစ် အသုံးပြုခဲ့ပါသည်။ OPBC သည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုန်ထုတ်လုပ်မှုလုပ်ငန်း

[၂၅] စစ်တမ်းအမျိုးမျိုးကြားတွင် စီးပွားရေးလုပ်ငန်းများအတွက် သီးခြား Identifier တစ်ခုကို မရရှိနိုင်သောကြောင့် Capture – Recapture Models ကဲ့သို့သော သုံးစွဲနေကျ နည်းစနစ်များကို အသုံးပြုနိုင်ခြင်းမရှိဘဲ နှိုင်းယှဉ်မှုများအား မက်ခရို/ စုပေါင်း (Macro/ Aggregate) အဆင့်တွင်သာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

စုစုပေါင်း ၂၅၆၈၂ ကို တွေ့ရှိခဲ့ပါသည်။ ဤသည်ကို မြန်မာစီးပွားရေးလုပ်ငန်း စစ်တမ်း၏ ပြည်ထောင်စုအဆင့် (ဝန်ကြီးဌာန/အေဂျင်စီ) တွင် မှတ်ပုံတင်ထားသော ကုန်ထုတ်လုပ်မှု ကုမ္ပဏီစုစုပေါင်း ၂၇,၂၀၄ နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

- **စံအမှတ် ၃** - လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် စီးပွားရေးလုပ်ငန်း အဆင့်မှ မည်သည့်သတင်းအချက်အလက်ကိုမျှ မပေးနိုင်သော်လည်း တွေ့ဆုံမေးမြန်းခဲ့ သူများအား ၎င်းတို့၏ စီးပွားရေးလုပ်ဆောင်ချက်များ အကြောင်းကိုမူ မေးမြန်းခဲ့ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း၏ နမူနာစာရင်းစဉ်သည် အနည်းဆုံး အလုပ်သမား တစ်ဦး ငှားရမ်းလုပ်ကိုင်ခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းများကို ဖယ်ချန်ထားသဖြင့် ကိုယ်တိုင်လုပ်ကိုင်သူများနှင့် မိသားစုဝင် လုပ်သားများအကြောင်းကို မြန်မာစီးပွားရေး လုပ်ငန်းစစ်တမ်းနှင့် နှိုင်းယှဉ်နိုင်မည်မဟုတ်ပါ။ သို့သော် သန်းခေါင်စာရင်း ကောက်ယူရာ တွင် မိမိကိုယ်မိမိ "ဝန်ထမ်းများ (ပုဂ္ဂလိက၊ အဖွဲ့အစည်း)" ဟု ဖြေဆိုခဲ့ကြသူများနှင့် နှိုင်း ယှဉ်ကြည့်ရာ (စိုက်ပျိုးရေး၊ ဘဏ္ဍာရေး၊ စသည့်ကဏ္ဍများမှ ဝန်ထမ်းများကို ဖယ်ချန်ပြီး နောက်) တွင် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းတွင် တွေ့ရှိရသည့် ၀.၉ သန်းထက်များစွာ ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။ သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ထားသည့် ကဏ္ဍများ အလိုက် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း၏ လွှမ်းခြုံမှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အမြင့်မားဆုံးဖြစ်သော်လည်း ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် သိသိသာသာ ပိုမို နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ အားနည်းချက်မှာ သန်းခေါင်စာရင်းတွင် စီးပွားရေး လုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များ ထပ်မံမရရှိနိုင်သည့် အတွက် ဝန်ထမ်းအရေအတွက် မကိုက်ညီရခြင်းအကြောင်းရင်းကို ဆက်လက်စုံစမ်းလေ့လာ နိုင်မှုမရှိခြင်းပင်ဖြစ်ပါသည်။

မိမိတို့သည် ရရှိနိုင်သမျှ စံအမှတ်များနှင့် နှိုင်းယှဉ်ကြည့်မှုအရ မြန်မာစီးပွားရေး လုပ်ငန်းစစ်တမ်း၏ လွှမ်းခြုံနိုင်မှုသည် အခြားသောရှိနှင့်ပြီးသည့် စစ်တမ်းများထက် ပိုမိုသာ လွန်မှုရှိကြောင်းတွေ့ရှိရပါသည်။ သို့သော်သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ကြည့်လျှင်မူ နည်း ပါးနေပါသည်။ သို့ပါသောကြောင့် အနာဂတ်တွင် ဆောင်ရွက်မည့် မြန်မာစီးပွားရေးလုပ်ငန်း စစ်တမ်းများတွင် နမူနာစာရင်းစဉ်အား ပိုမိုတိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ရန် လို အပ်နေသေးကြောင်း ဤအချက်က ပြသနေပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ထိ ထပ်မံခွဲခြမ်းစိတ်ဖြာလိုက်မည်ဆိုပါက စံအမှတ်များနှင့် နှိုင်းယှဉ်ကြည့်သည့် လွှမ်းခြုံမှုတွင်

ဒေသဆိုင်ရာ ကွဲလွဲချက်အချို့ရှိနေပါသည်။ စံအမှတ်နှစ်ခုနှင့် နှိုင်းယှဉ်ကြည့်မှုတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် လုံလောက်စွာ လွှမ်းခြုံနိုင်ခြေမရှိမှုကို မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းတွင် တွေ့ရှိခဲ့သည့် လက္ခဏာအချို့အရသိရှိရပါသည်။

နောက်ဆက်တွဲ(ဂ)

# မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း ၂၀၁၅ ခုနှစ်

## (ရည်ညွှန်းကာလ-၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

*ဤစစ်တမ်းကို ၁၉၅၂ ခုနှစ် ဗဟိုစာရင်းစစ်တမ်းအာဏာပိုင် အက်ဥပဒေအမှတ် ၃၄ အရ စာရင်းအင်းလုပ်ငန်းရပ်များအတွက် ကောက်ယူခြင်း ဖြစ်ပါသည်။ အခြားကိစ္စရပ်များအတွက် လုံးဝအသုံးမပြုရပါ။*

**လုပ်ငန်းနှင့်ပတ်သက်သည့်အကြောင်း (နမူနာစာရွက်ပါအတိုင်း ကြီးကြပ်သူမှ ဖြည့်စွက်ရန်)**

၁) လုပ်ငန်း အမှတ်စဉ်........................................ ☐☐-☐☐☐☐☐☐

၂) တိုင်းဒေသကြီး/ပြည်နယ် ကုဒ်နံပါတ်........................................ ☐☐

၃) မြို့နယ်၏ကုဒ်နံပါတ်........................................ ☐☐☐☐☐☐

၄) နမူနာစာရွက်ပေါ်မှ ISIC ကုဒ်နံပါတ်........................................ ☐☐

၅) လုပ်ငန်းအမည်........................................ ☐

၆(က) လုပ်ငန်းနေရပ်လိပ်စာ........................................ ☐

၆(ခ) စီးပွားရေးလုပ်ငန်း၏ Product........................................ ☐

**မေးခွန်းမေးမြန်းမှု စတင်ခြင်းအပိုင်း**

☐☐

၇) ကြီးကြပ်သူကုဒ်နံပါတ် ..................................................

၈) စာရင်းကောက်သူကုဒ်နံပါတ် ..................................................

၉) ကွင်းဆင်းသည့် အကြိမ်အရေအတွက် ..................................................

၁၀) မေးမြန်းခြင်းစတင်ဆောင်ရွက်သည့်အခြေအနေ ..................................................

၁– မေးမြန်းခြင်းအတွက်စတင်မိတ်ဆက်ခြင်း
၂– လုပ်ငန်းရှာမတွေ့ခြင်း ➡ မေးခွန်းလွှာပြီးဆုံးသည်။
၃– လုပ်ငန်းလည်ပတ်မှုမရှိခြင်း ➡ မေးခွန်းလွှာပြီးဆုံးသည်။
၄–ယာယီပိတ်သိမ်းထားခြင်း ➡ မေးခွန်းလွှာပြီးဆုံးသည်။
၅– ဖြေဆိုရန် ငြင်းဆိုခြင်း (မဖြေလိုခြင်း-သို့မဟုတ်-မဖြေနိုင်ခြင်း) ➡ မေးခွန်းလွှာပြီးဆုံးသည်။
၆– သွားရောက်ကောက်ယူရန်ခက်ခဲသည့်ဒေသများ ➡ မေးခွန်းလွှာပြီးဆုံးသည်။
၇– အစိုးရအဖွဲ့အစည်းပိုင်လုပ်ငန်း(သို့) အမြတ်အတွက် အလုပ်မလုပ်သောအဖွဲ့အစည်း/NGO (ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမဟုတ်) ➡ မေးခွန်းလွှာပြီးဆုံးသည်။
၈– မေးခွန်းလွှာမေးမြန်းခြင်းမဖြစ်လောက်သည့် အခြားသောအကြောင်းအရင်း ➡ မေးခွန်းလွှာပြီးဆုံးသည်။

၁၁) မေးမြန်းခြင်းစတင်သည့်နေ့ရက် (ရက်၊လ၊နှစ်) .................... __ __ / __ __ / __ __

၁၂) မေးမြန်းခြင်းစတင်သည့်အချိန် (နာရီ၊ မိနစ်) .................... __ __ : __ __

## ပါဝင်သည့် အကြောင်းအချက်များ

၁၃) လက်ရှိလုပ်ငန်းအမည် ....................

၁၄) လက်ရှိလုပ်ငန်းနေရပ်လိပ်စာ ....................

၁၅) လုပ်ငန်းရှင်/ပိုင်ရှင်၏အမည် ....................

၁၆) လုပ်ငန်းရှင်/ပိုင်ရှင်၏ဖုန်းနံပါတ် ....................

၁၇) အဓိကမေးမြန်းခြင်းခံရသူ(ဖြေဆိုသူ)၏အမည် ....................

၁၈) အဓိကမေးမြန်းခြင်းခံရသူ၏ဖုန်းနံပါတ် ....................

## လုပ်ငန်းနှင့်ဆိုင်သော အခြေခံအကြောင်းအရာများ

၁၉) လုပ်ငန်း၏အဓိကအလုပ်အကိုင်ကိုဖော်ပြပါ ....................

၂၀) ဒုတိယ/တွဲဖက်လုပ်သည့်အလုပ်အကိုင်ကိုဖော်ပြပါ ....................

နောက်ဆက်တွဲ(ဂ)

၂၁) လုပ်ငန်းစတင်ထူထောင်သည့်လနှင့်ခုနှစ် (MM/YYY)............................../

၂၂) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား ........................................

၁–နိုင်ငံသား(များ)ပိုင်ပုဂ္ဂလိကလုပ်ငန်း
၂– နိုင်ငံခြားသား(များ)ပိုင်ပုဂ္ဂလိကလုပ်ငန်း
၃– သမဝါယမပိုင်
၄–နိုင်ငံသားနှင့်နိုင်ငံခြားသားများပူးတွဲပိုင် အစုစပ်/ ဖက်စပ်ကုမ္ပဏီလုပ်ငန်း
၅– အများပိုင်နှင့်နိုင်ငံသားများပူးတွဲပိုင် အစုစပ်/ ဖက်စပ်ကုမ္ပဏီလုပ်ငန်း
၆– အများပိုင်နှင့်နိုင်ငံခြားသားများပူးတွဲပိုင် အစုစပ်/ ဖက်စပ်ကုမ္ပဏီလုပ်ငန်း
၇– အခြား

၂၃) လုပ်ငန်းအမျိုးအစား........................................

၁–အခွဲမရှိသောတစ်ခုတည်းသောလုပ်ငန်း
၂–လုပ်ငန်းရုံးချုပ်/ဌာနချုပ်
၃–လုပ်ငန်းခွဲ

၂၄) လုပ်ငန်းမှတ်ပုံတင်ခြင်းရှိ/မရှိ

၁–ရှိသည်
၂–မရှိပါ

ရှိပါကမည်သည့်ဌာနဖြင့် မှတ်ပုံတင်ထားသနည်း။

က- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ........................................

ခ- ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဌာနလက်အောက်ခံ/ခွဲအဖွဲ့အစည်းများ..............................

ဂ- မြို့တော်စည်ပင်သာယာ၊ မြို့နယ်/မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊မြူနီစီပယ်ရုံး.....

ဃ-အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ ........................................

၂၅) စက်မှုဇုန်တွင်တည်ရှိ/မရှိ........................................

၁–တည်ရှိပါသည်
၂ – မတည်ရှိပါ

နောက်ဆက်တွဲ(ဂ)

စုစုပေါင်းဝင်ငွေ

| မူလဝယ်ယူထားသည့်အနေအထားအတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သော ကုန်ပစ္စည်း | | |
|---|---|---|
| ကုန်ပစ္စည်း | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | တန်ဖိုးစုစုပေါင်း(ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| ၂၆) မူလဝယ်ယူထားသည့်အနေအထားအတိုင်းပြန်လည်ရောင်းချမည့် ကုန်ပစ္စည်း၏ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

| ကုန်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများရောင်းချမှု | | |
|---|---|---|
| ကုန်ပစ္စည်း | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | တန်ဖိုးစုစုပေါင်း(ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| ၂၇) ကုန်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများရောင်းချမှု စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

| လုပ်ငန်းမှ ဝန်ဆောင်မှုပေးခြင်း | | |
|---|---|---|
| ဝန်ဆောင်မှုလုပ်ငန်း | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | တန်ဖိုးစုစုပေါင်း(ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| ၂၈) လုပ်ငန်းမှပေးသောဝန်ဆောင်မှုစုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

| (ကိုယ်ပိုင်လုပ်သား (သို့) တစ်ဆင့်ခံ၊ လက်အောက်ခံကန်ထရိုက်များအားဖြင့် လုပ်ဆောင်သော) ဆောက်လုပ်ရေး၊ ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ | | |
|---|---|---|
| လုပ်ငန်းဆောင်ရွက်မှု | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) |
| ၂၉) လူနေအိမ်အဆောက်အဦအသစ်များဆောက်လုပ်ခြင်း | | ☐☐☐☐☐☐☐☐☐ |
| ၃၀) လူနေအိမ်မဟုတ်သော အဆောက်အဦအသစ်များဆောက်လုပ်ခြင်း | | ☐☐☐☐☐☐☐☐☐ |

| | | |
|---|---|---|
| ၃၁) မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ[26] | | ☐☐☐☐☐☐☐☐☐ |
| ၃၂) (အဆောက်အဦဆောက်လုပ်ခြင်းနှင့် မြို့ပြအင်ဂျင်နီယာလုပ်ငန်းများအတွက်သာ) ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ | | ☐☐☐☐☐☐☐☐☐ |

| အခြားကုန်ထုတ်လုပ်ငန်း (Productive Activities) များမှရရှိသည့်ဝင်ငွေ[27] | | |
|---|---|---|
| လုပ်ငန်းဆောင်ရွက်မှု | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| ၃၃) အခြားကုန်ထုတ်လုပ်ငန်းများဆောင်ရွက်မှုမှရရှိသည့်ဝင်ငွေ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |

[26] ၎င်းတွင်ပါဝင်သောလုပ်ငန်းများ-အဝေးပြေးလမ်း၊ယာဉ်သွား/လာလမ်းများ၊ မီးရထားလမ်းများ၊ လေယာဉ်ပြေးလမ်းများ၊ တံတားများ၊ ဥမင်လိုဏ်ခေါင်းနှင့် မြေအောက်ရထား လမ်းများ၊သင်္ဘောဆိပ်ကမ်း၊ ရေကြောင်းလမ်းနှင့်အခြားရေလုပ်ငန်း၊ ဆည်မြောင်း၊ ပိုက်လိုင်း၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်လိုင်းများ၊ သတ္တုတွင်းနှင့်စက်ရုံများ၊ အားကစားနှင့် အပန်းဖြေဖျော်ဖြေမှုလုပ်ငန်းများ

[27] ၎င်းတွင်ပါဝင်သောလုပ်ငန်းများ-ဓာတ်သတ္တုနှင့်ကျောက်တူးဖော်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု၊ ရေဖြန့်ဝေမှု၊ မိလ္လာ၊ အညစ်အကြေး၊ ရေဆိုးစွန့်ပစ်အမှိုက်များ စီမံခန့်ခွဲခြင်း။

နောက်ဆက်တွဲ(ဂ)

| ကုန်ထုတ်လုပ်ငန်းမဟုတ်သော (Non-Productive Activities) လုပ်ငန်းများမှရရှိသည့်ဝင်ငွေ[28] | | |
|---|---|---|
| လုပ်ငန်းဆောင်ရွက်မှု | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| ၃၄) ကုန်ထုတ်လုပ်ငန်းမဟုတ်သောလုပ်ငန်းများမှရရှိသောဝင်ငွေ စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) | | |

| အစိုးရထံမှ ရရှိသည့်ထောက်ပံ့မှုများ | | |
|---|---|---|
| ထောက်ပံ့မှု | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| ၃၅) အစိုးရထံမှ ရရှိသည့်ထောက်ပံ့မှု စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | |

[28] ၎င်းတွင် - အပ်ငွေမှရရှိသည့်အတိုး၊ အမြတ်ဝေစု၊ အခွန်အကောက်ပြန်အမ်းငွေ၊ အာမခံလျော်ကြေးရငွေ၊ ငွေလဲလှယ်မှုမှအမြတ်ရငွေ၊ ထောက်ပံ့မှုရငွေ၊ လွှဲပြောင်းငွေ၊ လက်ဆောင်ရရှိမှုတို့ ပါဝင်သည်။

နောက်ဆက်တွဲ(ဂ)

## စုစုပေါင်းအသုံးစရိတ်

| လုပ်သားများ | | | | | |
|---|---|---|---|---|---|
| အမျိုးအစား | အရေအတွက် | လုပ်ခ ပေးချေခြင်း[29] | သက်သာချောင်ချိရေးထည့်ဝင်ငွေ[30] | အခြားသောပေးချေခြင်းများ(ငွေသားဖြင့်၊ ပစ္စည်းဖြင့်)[31] | ရည်ညွှန်းနှစ်ကာလအတွင်းလုပ်သားများအားလုံးအလုပ်လုပ်သည့် အချိန်နာရီပေါင်း |
| | | ရည်ညွှန်းနှစ်ကာလအတွင်းလုပ်သားများအားလုံးအတွက်ပေးချေခြင်း (ကျပ်ထောင်ပေါင်း) | | | |
| ၃၆) (လုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်နေသောလုပ်ငန်းပိုင်ရှင်) | | | | | |
| ၃၇) အချိန်ပြည့်အလုပ်သမား | | | | | |
| ၃၈) အချိန်ပိုင်းအလုပ်သမား | | | | | |
| ၃၉) မိသားစုအလုပ်သမားများ[32] | | | | | |

[29] ၄င်းတွင် - လုပ်ခ/လစာ၊ အိမ်ငှားစရိတ်ပေးခြင်း၊ ခရီးစရိတ်၊ အပိုဆုကြေးနှင့်အခြားအမြတ်ပေးချေမှု (ငွေ သို့မဟုတ် ပစ္စည်း)

[30] ၄င်းတွင် -အာမခံကြေးထည့်ဝင်မှု၊ အိုနာစာရံပုံငွေနှင့်အခြားလူမှုဖူလုံရေးစီမံချက်များ

[31] ၄င်းတွင် -အလုပ်ရှင်မှ ပညာရေး ၊ကျန်းမာရေး၊ နေ့ကလေးထိန်းကျောင်း (မူကြို)နှင့်စားသောက်ဆိုင် ....စသဖြင့်အလုပ်သမားတို့အပေါ်ထောက်ပံ့မှု

[32] ၄င်းတွင် -မိသားစုထဲမှ ပုံမှန်အလုပ်ချိန်၏ ၃ ပုံ ၁ ပုံထက်ပိုသော အလုပ်ချိန်ကိုဝင်ရောက်လုပ်ကိုင်သော မိသားစုလုပ်သားများသာ

နောက်ဆက်တွဲ(ဂ)

| **မူလဝယ်ယူထားသည့်အနေအထားအတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သော (ပြည်တွင်းနှင့် ပြည်ပမှဝယ်ယူထားသည့်) ကုန်ပစ္စည်းများ** | | |
|---|---|---|
| ပြည်တွင်းမှမူလဝယ်ယူထားသည့်အနေအထားအတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သောကုန်ပစ္စည်း | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| ၄၀) ပြည်တွင်းမှမူလဝယ်ယူထားသည့်အနေအထားအတိုင်းပြန်လည်ရောင်းချမည်ဖြစ်သော ကုန်ပစ္စည်းစုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |
| ပြည်ပတင်သွင်းမှုမှမူလဝယ်ယူထားသည့်အနေအထား အတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သော ကုန်ပစ္စည်း | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| ၄၁) ပြည်ပတင်သွင်းမှုမှမူလဝယ်ယူထားသည့်အနေအထားအတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သော ကုန်ပစ္စည်း စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

| (ပြည်တွင်းနှင့် ပြည်ပမှဝယ်ယူတင်သွင်းထားသည့်) ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/သွင်းအားစု ကုန်ပစ္စည်းများ[33] | | |
|---|---|---|
| ကုန်ကြမ်းနှင့်တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/ သွင်းအားစုကုန်ပစ္စည်းများ (ပြည်တွင်းဝယ်ယူမှု) | တွက်ချက်မှုများပြုလုပ်ရန် (ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| ၄၂) ပြည်တွင်းကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/သွင်းအားစု ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |
| ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/သွင်းအားစု ကုန်ပစ္စည်းများ(ပြည်ပမှတင်သွင်းခြင်း) | တွက်ချက်မှုများပြုလုပ်ရန်(ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| ၄၃) ပြည်ပမှတင်သွင်းသည့်ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/သွင်းအားစု ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | | ☐☐☐☐☐☐☐☐☐☐ |

[33] ၄င်းထုတ်ကုန်များကို မူလအနေအထားအတိုင်း ပြန်လည်ရောင်းချရန် ဝယ်ယူထားခြင်းဖြစ်ပါက အထက်ပါဇယားများတွင် ရေးသွင်းရန်ဖြစ်ပါသည်။

နောက်ဆက်တွဲ(ဂ)

| အခြားကုန်ကျစရိတ်များ | | |
|---|---|---|
| ဝယ်ယူထားသည့်အမျိုးအစား/ပစ္စည်း | တွက်ချက်မှုများပြုလုပ်ရန် (ကော်လံ) | စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| ၄၄) တစ်ဆင့်ခံ(သို့မဟုတ်)လက်အောက်ခံကန်ထရိုက်တာများ | | |
| ၄၅) လျှပ်စစ် | | |
| ၄၆) လောင်စာ | | |
| ၄၇) ရေ | | |
| ၄၈) အခွန်အခများ | | |
| ၄၉) ငှားရမ်းခများ[34] | | |
| ၅၀) ချေးငွေပေါ်အတိုးများ | | |
| ၅၁) ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း | | |
| ၅၂) ဝန်ထမ်းများအတွက်သင်တန်းကြေးများ | | |
| ၅၃) အလှူငွေများ | | |
| ၅၄) အခြားကုန်ကျစရိတ်များ၊[35]<br>(ပိုင်ဆိုင်မှု Assets ပစ္စည်းများအတွက် ကုန်ကျစရိတ်မပါ)[36] | | |

[34] ငှင်းတွင် - မြေ၊ အဆောက်အအုံနှင့်ပုံသေပိုင်ပစ္စည်းငှားရမ်းခများပါဝင်သည်။

[35] ငှင်းတွင်- IT နှင့် ဖုန်းခများ၊ ဘဏ်ဝန်ဆောင်ခများ၊ အာမခံစရိတ်၊ ခရီးစရိတ်၊ ကြော်ငြာခ..... စသဖြင့်ပါဝင်သည်။

[36] ပိုင်ဆိုင်မှု Assets ပစ္စည်းများဆိုသည်မှာ စီးပွားရေးလုပ်ငန်းတွင်နှစ်များစွာသုံးစွဲလျက်ရှိသော လက်ဆုပ်လက်ကိုင်ရှိ/မရှိသောပိုင်ဆိုင်မှုပစ္စည်းများ (ဥပမာအဆောက်အအုံ၊ စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်း၊ကုန်းလမ်းသွားယာဉ်များ၊software licenses... စသည်)။ငှင်းတို့ကိုပိုင်ဆိုင်မှုအခန်းကဏ္ဍအောက်တွင်သီးခြားစီရေးသွင်းပါ။

**လက်ကျန်ကုန်စာရင်းအပြောင်းအလဲများ**

၅၅) လုပ်ငန်းအနေဖြင့် နေ့စဉ်ထုတ်လုပ်ရန်သုံးစွဲနေသောပုံမှန်ကုန်များမဟုတ်ဘဲ ကုန်ပစ္စည်းသိုလှောင်ထားရှိမှုရှိပါသလား?...............................☐

၁ - ရှိပါသည်

၂ - မရှိပါ ➡မေးခွန်းနံပါတ် Q62 သို့ကျော်ပါ။

| **မူလဝယ်ယူထားသည့်အနေအထားအတိုင်း ပြန်လည်ရောင်းချမည်ဖြစ်သော ကုန်ပစ္စည်းများ၏ ကုန်လက်ကျန်စာရင်းမှတ်တမ်း** | | |
|---|---|---|
| | | |
| မူလဝယ်ယူထားသည့်အနေအထားအတိုင်းပြန်လည်ရောင်းချမည်ဖြစ်သောကုန်ပစ္စည်း | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိစာရင်းဖွင့် လက်ကျန်ငွေစုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) | ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိစာရင်းပိတ် လက်ကျန်ငွေ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | ၅၆) စာရင်းဖွင့်လက်ကျန်ငွေစုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) ☐☐☐☐☐☐☐☐☐☐ | ၅၇) စာရင်းပိတ်လက်ကျန်ငွေစုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) ☐☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

| ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ်ပြီးစီးသည့်/သွင်းအားစုကုန်ပစ္စည်းများ၏ ကုန်လက်ကျန်စာရင်းမှတ်တမ်း[37] | | |
|---|---|---|
| ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက်ထုတ်လုပ် ပြီးစီးသည့်/ သွင်းအားစုကုန်ပစ္စည်း | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိစာရင်းဖွင့်လက်ကျန်ငွေ စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) | ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ် လက်ကျန်ငွေစုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | ၅၈) စာရင်းဖွင့်လက်ကျန်ငွေ စုစုပေါင်း တန်ဖိုး(ကျပ်ထောင်ပေါင်း) | ၅၉) စာရင်းပိတ်လက်ကျန်ငွေ စုစုပေါင်း တန်ဖိုး(ကျပ်ထောင်ပေါင်း) |

[37]၄င်းကုန်ပစ္စည်းများအား တဆင့်ထပ်မံထုတ်လုပ်ရန်ရှိမှသာဤဇယားတွင်ဖြည့်ပြီးမူလအနေအထားအတိုင်း ပြန်လည်ရောင်းချရန် ဝယ်ယူထားခြင်းဖြစ်ပါက အထက်ပါဇယားများတွင် ရေးသွင်းရန်ဖြစ်ပါသည်။

နောက်ဆက်တွဲ(ဂ)

| လုပ်ငန်းမှ ထုတ်လုပ်သောကုန်ချောပစ္စည်းများ၏ ကုန်လက်ကျန်စာရင်း | | |
|---|---|---|
| ကုန်ချောပစ္စည်းများ | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိစာရင်းဖွင့် လက်ကျန်ငွေ စုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) | ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိစာရင်းပိတ် လက်ကျန်ငွေစုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း) |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | ဖ၈) စာရင်းဖွင့်လက်ကျန်ငွေ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) ☐☐☐☐☐☐☐☐☐☐ | ဖ၁) စာရင်းပိတ် လက်ကျန်ငွေ စုစုပေါင်းတန်ဖိုး(ကျပ်ထောင်ပေါင်း) ☐☐☐☐☐☐☐☐☐☐ |

နောက်ဆက်တွဲ(ဂ)

## Assets ပိုင်ဆိုင်ခြင်းများ

| Assets ပိုင်ဆိုင်မှုများ၏ တန်ဖိုး[38] | | | | | |
|---|---|---|---|---|---|
| ပိုင်ဆိုင်ပစ္စည်းအမျိုးအစား | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိစာရင်းဖွင့် လက်ကျန်ငွေ စုစုပေါင်း တန်ဖိုး(ကျပ်ထောင်ပေါင်း) | ရည်ညွှန်းသတ်မှတ်နှစ်ကာလ အတွင်း ဝယ်ယူရရှိမှုများ | ရည်ညွှန်းသတ်မှတ်နှစ်ကာလအတွင်း စွန့်ပစ်မှုများ | ရည်ညွှန်းသတ်မှတ်နှစ်ကာလ အတွင်းတန်ဖိုး လျှော့ချမှုများ | ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိစာရင်းပိတ်လက်ကျန်ငွေစုစုပေါင်းတန်ဖိုး (ကျပ်ထောင်ပေါင်း)[39] |
| ၆၂) မြေ | | | | မသင့်လျော်ခြင်း | |
| ၆၃) အဆောက်အဦ | | | | | |
| ၆၄) စက်နှင့်စက်ပစ္စည်း | | | | | |
| ၆၅) ယာဉ်များ | | | | | |
| ၆၆) အခြားသောပုံသေပိုင်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများ[40] | | | | | |
| ၆၇) တီထွင်ဖန်တီးမှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုပစ္စည်းများ[41] | | | | | |

---

[38] ပိုင်ဆိုင်မှု Assets ပစ္စည်းများဆိုသည်မှာစီးပွားရေးလုပ်ငန်းတွင်နှစ်များစွာသုံးစွဲလျက်ရှိသောလက်ဆုပ်လက်ကိုင်ရှိ/မရှိသောပိုင်ဆိုင်မှုပစ္စည်းများ (ဥပမာအဆောက်အဦ၊ စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်း၊ ကုန်းလမ်းသွားယာဉ်များ၊ software licenses...စသည်)။

[39] စာရင်းပိတ်လက်ကျန် (မြေမှတပါး) = စာရင်းဖွင့်လက်ကျန် + ဝယ်ယူမှုတန်ဖိုး - ပျက်စီးဆုံးရှုံးမှုတန်ဖိုး - တန်ဖိုးလျော့

[40] ပရိဘောဂအပါအဝင်စသည်ဖြင့်

[41] software licenses, မူပိုင်ခွင့်စသည်

နောက်ဆက်တွဲ(ဂ)

| မေးခွန်းမေးမြန်းမှုအဆုံးသတ်အပိုင်း |
|---|

ဖ၈) မေးမြန်းခြင်းပြီးဆုံးသည့်နေ့ (ရက်၊လ၊နှစ်)........................................ ☐☐ : ☐☐

ဖ၉) မေးမြန်းခြင်းပြီးဆုံးသည့် အချိန် (နာရီ၊ မိနစ်)........................................ ☐☐ / ☐☐ / ☐☐

| မေးခွန်းလွှာဖြင့်ကွင်းဆင်းမေးမြန်းရရှိချက်များအားထပ်ဆင့်စာရင်းသွင်းခြင်း မှတ်တမ်း | နေ့စွဲရေးသွင်းရန် |
|---|---|
| ကွင်းဆင်းမေးမြန်းမှုအား ကြီးကြပ်သူမှ လုပ်ငန်းအပ်နှံခြင်း | |
| စာရင်းသွင်းရန်အတွက် မေးခွန်းလွှာများလက်ခံရရှိခြင်း | |
| ပထမဦးဆုံးအကြိမ် စာရင်းသွင်းမှုစတင်ခြင်း | |
| ဒုတိယအကြိမ်စာရင်းသွင်းမှုစတင်ခြင်း | |
| စာရင်းသွင်းမှုများအားလုံးအားကိုက်ညှိစစ်ဆေးခြင်း | |
| စာရင်းသွင်းမှု - ဖိုင်သိမ်းခြင်း | |

**ဗဟိုစာရင်းအင်းအဖွဲ့**
ရုံးအမှတ် (၃၂)
နေပြည်တော်
မြန်မာ
http://www.csostat.gov.mm

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်**
အမှတ် (၆)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်
ရန်ကုန်
မြန်မာ
http://www.mm.undp.org

မူပိုင်ခွင့် - © UNDP နှင့် CSO ၂၀၁၆ ၊ မူပိုင်ခွင့်အားလုံးကို လက်ဝယ်ထိန်းသိမ်းထားရှိပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်